# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 29 January 2026 ၁၂၀၇၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ယနေ့ ဖတ်စရာ


**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ » ၃

**မူလတန်းဆရာ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်လှစ်**

စာမျက်နှာ » ၄

**ပြည်ထောင်စုဟုခေါ်ပါသည်**

ဆောင်းပါး စာမျက်နှာ » ၆

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ**

စာမျက်နှာ » ၈




ရောဝတီတိုင်းဒေသကြီးရှိ ငါးရန်ဂျီကမ်းခြေအလှကို တွေ့ရစဉ်။

## ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ပိတ်ရက်ရှည်ကာလ၌ အပန်းဖြေအနားယူရန် ဟိုတယ်နှင့် တည်းခိုခန်း ၉၀ ရာခိုင်နှုန်းနီးပါး ပြည့်နေ

ရန်ကုန် ဇန်နဝါရီ ၂၈

အများပြည်သူ ပိတ်ရက်ရှည်ဖြစ်သော ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှ တရုတ်နှစ်သစ်ကူးပိတ်ရက်ဖြစ်သည့် ဖေဖော်ဝါရီ ၁၇ ရက်အထိ ခြောက်ရက်တာအတွင်း ငွေဆောင်၊ ချောင်းသာ၊ ရွှေသောင်ယံနှင့် ငါးရန်ဂျီကမ်းခြေတို့၏ အပန်းဖြေခရီးစဉ်တို့တွင် ဟိုတယ်နှင့်တည်းခိုခန်း ၉၀ ရာခိုင်နှုန်းနီးပါး ပြည့်နေပြီဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

“ဧရာဝတီတိုင်းဒေသကြီးက ငွေဆောင်၊ ချောင်းသာကမ်းခြေ အပါအဝင် အပန်းဖြေစခန်းတွေမှာ ဖေဖော်ဝါရီလပိတ်ရက် ခြောက်ရက်အတွင်း အပန်းဖြေဖို့ ဟိုတယ်နဲ့တည်းခိုခန်း ၉၀ ရာခိုင်နှုန်းနီးပါး ပြည့်နေပါပြီ။ ဟိုတယ်နဲ့တည်းခိုခန်းတွေကလည်း ဝန်ဆောင်မှုအပြည့်ပေးဖို့ စီမံထားကြပါတယ်။ ဒီနှစ်ဟာ မနှစ်ကထက် ခရီးသွားများလာမယ့် သဘောရှိပါတယ်။ နှစ်သစ်ကူးမှာလည်း ခရီးသွားများခဲ့သလို ဖေဖော်ဝါရီလပိတ်ရက်ရှည်မှာလည်း ခရီးသွားမှုများလာမှာဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းအပါအဝင် **စာမျက်နှာ ၄ ကော်လံ ၄ သို့** ☆




ကြေးမုံ

# ကူးစက်တတ်သောရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

လတ်တလောတွင် အများပြည်သူ ကြားသိနေကြသည့် ယခုလလယ်ပိုင်းက အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၌ နီပါးရ်ဗိုင်းရပ်စ် ကူးစက်မှုအသစ် ပြန်လည်တွေ့ရှိခဲ့သည်။ ကာလကတ္တားမြို့အနီးရှိ ဘာရာဆတ်ဒေသတွင် အဆိုပါရောဂါပိုးအား ၁၉ နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်တွေ့ရှိခြင်းဖြစ်ပြီး အတည်ပြုလူနာ ငါးဦးရှိကြောင်းသတင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အဆိုပါရောဂါပိုး ကူးစက်ဖြစ်ပွားမှုမရှိဘဲ ကြိုတင်ကာကွယ်သည့်အနေဖြင့် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

နီပါးရ်ဗိုင်းရပ်စ်ပိုးသည် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါပိုးတစ်မျိုးဖြစ်ပြီး ၁၉၉၉ ခုနှစ်၌ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင် ဝက်နှင့်လူတို့၌ ကပ်အသွင်ကူးစက်ဖြစ်ပွားရာမှ စတင်တွေ့ရှိခဲ့သည်။ အဆိုပါရောဂါပိုးသည် အသီးစားသော လင်းနို့များတွင် အဓိကအားဖြင့်တွေ့ရှိရပြီး ရောဂါပိုးရှိသော လင်းနို့၏ တံတွေး၊ ဆီးနှင့် သွေးတို့ကို ထိတွေ့ခြင်း၊ လင်းနို့မှတစ်ဆင့် ရောဂါပိုးကပ်ငြိနေသော အစားအသောက်တို့ကို စားသုံးခြင်းမှတစ်ဆင့် ဝက်နှင့် လူကို ကူးစက်ခဲ့ခြင်းဖြစ်သည်။ ရောဂါပိုးရှိသောလူနှင့်ပတ်သက်သည်တို့ကို တိုက်ရိုက်ထိတွေ့မိခြင်း၊ ရောဂါပိုးရှိသောဝက်နှင့်အစားအစာတို့ကို လူတို့စားသုံးမိခြင်းမှ ကူးစက်တတ်သည်။

ရောဂါပိုးကူးစက်ခံရပါက ၃ ရက်မှ ၁၄ ရက်အတွင်း ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်းတို့ စတင်ခံစားရပြီး အချို့ရောဂါပိုးပြင်းထန်ပါက စိတ်ရှုပ်ထွေးခြင်း၊ မှိန်းခြင်း၊ တက်ခြင်း၊ ဦးနှောက်အမြှေးရောင်လက္ခဏာများ ခံစားရပြီး အချို့တွင် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားရနိုင်ပါသည်။ ရောဂါလျှင်မြန်စွာပြင်းထန်လာပါက ၄၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ အသက်အန္တရာယ်ရှိနိုင်သည်။ လတ်တလောတွင် အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ ကာကွယ်ဆေး သို့မဟုတ် ကုသဆေးမရှိသေးဘဲ ကာကွယ်ဆေးစမ်းသပ်မှုများ ပြုလုပ်နေကြောင်းသိရသည်။ ၂၀၂၅ ခုနှစ်က အဆိုပါရောဂါပိုး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံအဆင့်နှင့် ဒေသတွင်းဖြစ်ပွားနိုင်ခြေ အလယ်အလတ်အဆင့်၊ ကမ္ဘာလုံးဆိုင်ရာဖြစ်ပွားနိုင်ခြေ နည်းပါးသည့်အဆင့်အဖြစ် ထိန်းချုပ်နိုင်ခဲ့သည်။

ယခုအိန္ဒိယနိုင်ငံတွင် လတ်တလောကူးစက်ဖြစ်ပွားမှုမှာ အဆိုပါဒေသတစ်ခုအတွင်း၌သာဖြစ်ပြီး ထိန်းချုပ်ထားနိုင်သည့် အခြေအနေရှိပါသည်။ ထို့ကြောင့် လတ်တလောတွင် မြန်မာနိုင်ငံသို့ ကူးစက်ဖြစ်ပွားနိုင်ခြေမရှိသဖြင့် စိုးရိမ်ဖွယ်ရာမရှိပါ။ သို့သော် နီပါးရ်ဗိုင်းရပ်စ်ပိုး မူလလက်ခံကောင်ဖြစ်သော လင်းနို့မျိုးစိတ်များ ဒေသတွင်း၌ ကျက်စားခြင်းရှိသဖြင့် ကူးစက်မှုရှိပါက စောစီးစွာသိရှိ၍ အချိန်နှင့်တစ်ပြေးညီ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြည်သူ့ကျန်းမာရေးဌာနများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် လတ်တလော ဦးနှောက်အမြှေးရောင်ခြင်းလက္ခဏာစုကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူများအနေဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားစဉ်က ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် အတွေ့အကြုံများများစွာရှိခဲ့ပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံ ဒေသတစ်ခုတွင်ဖြစ်ပွားနေသော နီပါးရ်ဗိုင်းရပ်စ်ပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ပူပန်ရန်မလိုသော်လည်း ကိုဗစ်–၁၉ ရောဂါကဲ့သို့ပင် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဆောင်ရွက်ထားရမည်ဖြစ်သည်။ အဆိုပါရောဂါလက္ခဏာမျိုး ခံစားရသည့်လူနာတွေ့ရှိပါက နီးစပ်ရာဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူရန်၊ လူနာအိမ်ဝန်းကျင်တွင် လင်းနို့ရှိ/မရှိနှင့် ဝက်များအစုလိုက်နေမကောင်းခြင်း၊ သေဆုံးခြင်းရှိ/မရှိစစ်ဆေးပြီး တွေ့ရှိရပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

လင်းနို့ကိုက်ထားသည့် အသီးများကိုမစားရန်၊ အုန်းရည်၊ ထန်းရည်တို့ကို အစိမ်းမသောက်ရန်၊ ကျိုချက်ပြီးမှသောက်ရန်၊ အစာမစားမီ လက်ကိုမကြာခဏဆေးကြောရန်၊ လူနာအသုံးအဆောင်နှင့် နေထိုင်ရာနေအိမ်ပတ်ဝန်းကျင်ကို ပိုးသတ်ရန်၊ သံသယလူနာတွေ့ရှိပါက လက်အိတ်၊ နှာခေါင်းစည်း၊ အကာအကွယ်ပစ္စည်းများဝတ်ဆင်ရန်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့်နယ်စပ်အဝင်/အထွက်ဂိတ်များ၌ သံသယလူနာများအား စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်စသည့် ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနက အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါသဖြင့် ပြည်သူများကလည်း စိုးရိမ်ပူပန်မှုမဖြစ်ဘဲ ကျန်းမာရေးသတိဖြင့် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## သာစည်မြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အစည်းအဝေး ပြုလုပ်

သာစည် ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ သဘာပတိ ဦးတင်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် ဦးစီးအရာရှိ ဦးညီညီဝင်းတို့က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းအားလည်းကောင်း၊ အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း တာဝန်ရှိသူများက ဖတ်ကြားကြပြီး အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို သဘာပတိက တက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူသည်။

အဆိုပါအစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ အခြေခံအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၂၈ - ၁ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ – ၁ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၈ | ၆၇,၄၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၅၀ | ၁၆၁ | ၅၉၈,၆၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂,၈၀၀ | ၂,၈၀၀ | ၅၆၄ | ၁,၅၅၃,၀၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၆ | ၁၉,၂၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၂,၀၇၆ | ၃,၃၂၅,၄၀၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၂၄ | ၁၀၀,၈၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၅၃ | ၁၆၄,၃၀၀ |
| MADPL(PLB) | ၂,၅၀၀ | ၂,၅၀၀ | ၆,၇၈၅ | ၁၆,၉၆၂,၅၀၀ |
| ASPGB(PLB) | ၃၂,၀၀၀ | ၃၁,၅၀၀ | ၆၂ | ၁,၉၈၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** – ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** – အေးဝမ်းစိုး
**စာတည်းများ** – စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** – အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** – စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** – အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** – ဇင်မာဝင့်
**စာပြင်** – ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် ၂/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၆ တွင်ပါရှိသော "တည်းခိုနေထိုင်စရိတ်ကျပ် ၅၀၀၀" ဆိုသည့် စကားရပ်ကို "တည်းခိုနေထိုင်စရိတ်ကျပ် ၈၀၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အခြားအသုံးစရိတ်ကျပ် ၅၀၀၀" ဆိုသည့် စကားရပ်ကို "အခြားအသုံးစရိတ်ကျပ် ၇၀၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၈ တွင် ပါရှိသော "ကျပ်တစ်သောင်း" ဆိုသည့် စကားရပ်ကို "ကျပ်နှစ်သောင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ



## AI နည်းပညာအခြေခံ လုပ်ငန်းခွင်အသုံးချမှုသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန AI နည်းပညာအခြေခံ လုပ်ငန်းခွင်အသုံးချမှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း ဒါရိုက်တာ ဒေါက်တာ တင်ဖုန်းကျော်နှင့် အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့(၂၁)ရာစု နည်းပညာခေတ်တွင် သတင်းအချက်အလက်နည်းပညာများမှာ ဒစ်ဂျစ်တယ်ပလက်ဖောင်းအသွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိသကဲ့သို့ အဆိုပါ ပလက်ဖောင်းတွင် Artificial Intelligent(AI) နည်းပညာသည်လည်း လူသားများ၏ နေ့စဉ်ဘဝလုပ်ငန်းများတွင် မရှိမဖြစ် နည်းပညာတစ်ခုအဖြစ် နေရာယူလာပါကြောင်း၊ နိုင်ငံတကာတွင် လူ့စွမ်းအား၊ စက်မှုစွမ်းအားများလျှော့ချပြီး AI နည်းပညာနှင့် အစားထိုး၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည့်အပြင် လုံခြုံရေးနှင့် စစ်ရေးဆိုင်ရာ ကဏ္ဍများတွင်လည်း အသုံးပြုလာသည်ကို တွေ့ရပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုးတက်ပြောင်းလဲလာသော AI နည်းပညာများကို လေ့လာသင်ယူပြီး ရုံးလုပ်ငန်းခွင်နှင့် မိမိတို့၏ နေ့စဉ်ဘဝများတွင် လက်တွေ့ပြန်လည်အသုံးချနိုင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားဉာဏ်ရည်တုနည်းပညာ အခြေပြုစီမံကိန်းများရေးဆွဲ၍ "အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ" ဖွဲ့စည်းပြီး AI ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် အကျိုးရှိစွာအသုံးချနိုင်ရေး၊ နိုင်ငံသားများ လိုက်နာရမည့်ကျင့်ဝတ်များ၊ စံနှုန်းများ၊ စည်းမျဉ်းများကိုသိရှိနိုင်ရေး၊ ဒေသတွင်းဉာဏ်ရည်တု နည်းပညာဆိုင်ရာ ကျွမ်းကျင်သော လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ စနစ်တကျဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသားအဆင့်ဉာဏ်ရည်တု နည်းပညာဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒတို့ကို ရေးဆွဲလျက်ရှိပါကြောင်း၊ AI နည်းပညာကို အသုံးပြုချိတ်ဆက်ပြီး e-Government ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေး၊ မိမိဌာနနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစဉ်ရေးရှု၍ တိုးတက်ပြောင်းလဲနေသည့် ICT နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကာ မျှော်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်က မိတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး နေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကြည်ဇင်ထွန်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကူးသန်းရောင်းဝယ်ရေးဘဏ်<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ( ခ ) | ဦးကျော်ကျော်နိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ( ဂ ) | ဒေါက်တာကြည်ကြည်သန်းအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာ ရဲမြင့် | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| ( ခ ) | ပါမောက္ခဒေါက်တာ ခင်စောဦး | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာ<br>နည်းပညာတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# မူလတန်းဆရာ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော မူလတန်းဆရာ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယခုသင်တန်းတွင် မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ ကလေးသူငယ်အခွင့်အရေးများ၊ ကလေးစိတ်ပညာစသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် စိတ်ပါဝင်စားစွာ လေ့လာသင်ယူရန် လိုအပ်ကြောင်း၊ အစောပိုင်းကလေးဘဝ၏ အာရုံငါးပါးဟန်ချက်ညီ ဖွံ့ဖြိုးမှုမှသည် ပတ်ဝန်းကျင်၊ ရပ်ရွာ၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူသားအရင်းအမြစ်ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့သင်ကြားလေ့ကျင့်ပေးနေသည့် မူလတန်းအရွယ် ကလေးများအတွက် ကျောင်းနေရာတွင် အသင့်ဖြစ်စေပြီး ပညာသင်ယူရာတွင် အဆင်ပြေချောမွေ့စေခြင်းဖြင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ကောင်းများဖြစ်စေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် ကလေးများကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ စိတ်ထားကောင်းမွန်ရေး၊ အများနှင့်နေထိုင်တတ်ပြီး အများအကျိုးဆောင်ရွက်လိုစိတ်၊ ကျန်းမာရေးနှင့် လူနေမှုဘဝ အလေ့အကျင့်ကောင်းများရရှိစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အပေါ် ယခုကဲ့သို့ ဆရာ ဆရာမများက စိတ်ပါဝင်စားစွာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

မူလတန်းဆရာ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ် သင်တန်းအမှတ်စဉ်(၁)တွင် ပညာရေးဝန်ကြီးဌာန နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၄၆ ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများမှ ဆရာမ ၃၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၆ ဦး တက်ရောက်လျက်ရှိသည်။

**ဖွင့်လှစ်သွားမည်**

အဆိုပါသင်တန်းတွင် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ကလေးသဘောသဘာဝနှင့် အခြေခံလိုအပ်ချက်၊ ကစားခြင်းဖြင့်သင်ကြားခြင်း၊ ကလေးဖွံ့ဖြိုးမှု၊ စာသင်ခန်းစီမံခန့်ခွဲမှုနှင့် သင်ယူရာနေရာများ၊ ကလေးစိတ်ပညာ၊ သင်ယူမှု၏ အခြေခံအုတ်မြစ်များ၊ မိသားစုပုံစံအမျိုးမျိုးနှင့် မိဘရပ်ရွာပူးပေါင်းဆောင်ရွက်ခြင်း၊ အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သော ကလေးများနှင့် သင်ကြားမှုနည်းလမ်းများ၊ ဘာသာစကားဖွံ့ဖြိုးမှု၊ အစောပိုင်းကာလ စာတတ်မြောက်မှု၊ ကလေးများအား ကြည့်ရှုလေ့လာခြင်း၊ အကူးအပြောင်းကာလ အရေးကြီးပုံ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့နည်းလမ်းများ၊ Role Play များဖြင့် သင်ကြားပေးလျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကာ ဇန်နဝါရီလမှ ဧပြီလအတွင်း သင်တန်းလေးကြိမ် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆) ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ



**မုံရွာ ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်း ဒေသကြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက မုံရွာစီးပွားရေးတက္ကသိုလ်ငွေရတုခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသူများက အလေးပြုကြပြီး "ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှု မြှင့်တင်ပေး" Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ကျောင်းသား ကျောင်းသူများက "ငြိမ်းချမ်းရေးဖိုရမ်" အမှတ်တရလက်ဆောင်ပစ္စည်းကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ထံ ငွေကျပ်သိန်း ၅၀ နှင့် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများ အတွက် အားကစားပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်၌ ကျင်းပသည့် ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက်ကြသူများက အမှတ်တရစကားပြောကြားကြပြီး မုံရွာပညာရေး ဒီဂရီကောလိပ်နှင့် သူနာပြု သားဖွားသင်တန်းကျောင်းတို့မှ သင်တန်းသား သင်တန်းသူတစ်ဦးစီက ဒေသအလိုက် မတူကွဲပြားသည့် ငြိမ်းချမ်းရေးအတွေ့အကြုံများမှ လူငယ်များ၏ အသံများကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ထံ ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေပေးခဲ့ကြသည့်ကျောင်းသား ကျောင်းသူများထံ ဂုဏ်ပြုဆုငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ "ခံစားရေးသား ငြိမ်းချမ်းရေးစကား" စာသားများကို အမှတ်တရရေးထိုးပေးကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ၌ မီးခိုးမြူငွေ့ဖြစ်ပေါ်သည့် မီးလောင်ကျွမ်းမှုဖြစ်ပွားသဖြင့် ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဇန်နဝါရီ ၂၈**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ကြိုးပြင်ကာကွယ်တောတွင် လမ်းသွားလမ်းလာတစ်ဦးက မီးရှို့ခဲ့သဖြင့် ဇန်နဝါရီ ၂၇ ရက်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားသည့်နေရာသို့ ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်နီသင်း ဦးဆောင်သော အဖွဲ့သည် ရတနာပုံမြို့သစ် နယ်မြေမီးသတ်စခန်း၊ သစ်တောဦးစီးဌာန၊ ပြင်စာကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ မီးလောင်သည့် မြေနေရာ ငါးဧကခန့် လောင်ကျွမ်းခဲ့သည်။

ထို့နောက် အလားတူ ဖြစ်စဉ်မျိုးမဖြစ်စေရန် ပြင်စာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာသူကျေးရွာသားများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်နီသင်းက "မီးခိုးမြူငွေ့အန္တရာယ်ကာကွယ်ရေး တို့များဝိုင်းဝန်းဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



☆ ရှေ့ဖုံးမှ

ဒေသခံတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်လန်းမှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ရောဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောသည်။

**ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာ**

နိုင်ငံတကာနှစ်သစ်ကူး ပိတ်ရက်ကာလ၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများသို့ ပြည်တွင်း/ပြည်ပခရီးသွား ၂၂၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး နိုင်ငံပေါင်း ၁၃ နိုင်ငံမှ နိုင်ငံခြားခရီးသွားများ ဝင်ရောက်ခဲ့ကာ တရုတ်၊ ရုရှား၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားများ အများဆုံးဝင်ရောက်ခဲ့၍ ယခုလာမည့် ရုံးပိတ်ရက်ရှည်ကာလတွင်လည်း ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာနိုင်ကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများက ခန့်မှန်းထားသည်။

ရောဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေများသို့ ပြီးခဲ့သည့်နှစ်တွင် ဇန်နဝါရီလ ၁ ရက်မှ ၁၀ ရက်အထိ ပြည်တွင်း/ပြည်ပခရီးသွား ၃၉၈၄၄ ဦး အပန်းဖြေ ဝင်ရောက်ခဲ့ပြီး ယခုနှစ်ဆန်းပိုင်း၌ ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အထိ ပြည်တွင်း/ ပြည်ပခရီးသွား ၆၃၈၇၈ ဦး ဝင်ရောက်ခဲ့ရာ ယမန်နှစ်ထက် အပန်းဖြေခရီးသွား ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီးရှိ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများတွင် ပြည်တွင်း/ပြည်ပခရီးသွားများ တည်းခိုအနားယူနိုင်ရန် ငွေဆောင်ကမ်းခြေ၌ ဟိုတယ် ၃၈ လုံး၊ တည်းခိုခန်း ၇၀၊ ချောင်းသာကမ်းခြေ၌ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၂ လုံး၊ တည်းခိုခန်း ၅၅ လုံး၊ ရွှေသောင်ယံကမ်းခြေ၌ ဟိုတယ်ခြောက်လုံး၊ တည်းခိုခန်းသုံးလုံးနှင့် ပုသိမ်မြို့နှင့်အခြားဒေသများ၌ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၄၉ လုံး၊ တည်းခိုခန်း ၃၁၅ လုံး ဖွင့်လှစ်ထားကာ ခရီးသွားကာလ၌ သွားလာရေးအဆင်ပြေချောမွေ့စေရန် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ဥသာ**
**ဓာတ်ပုံ - ကိုလွင်**

# တနင်္သာရီတိုင်းဒေသကြီး၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေး



**ထားဝယ် ဇန်နဝါရီ ၂၈**

တနင်္သာရီ တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမ(၂)၌ ကျင်းပသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် အသက် (၁)နှစ်မှ(၅)နှစ်အတွင်းရှိ ကလေးငယ်များအား ပုံမှန် ကာကွယ်ဆေးထိုးခြင်းနှင့် အမီလိုက် ကာကွယ်ဆေးထိုးခြင်း နည်းလမ်းများဖြင့် ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ဖြစ်ပွားကူးစက်နိုင်ခြေများပြီး အစုအဝေးဖြင့် နေထိုင်သည့်နေရာများရှိ အသက် (၁၅) နှစ်အောက်ကလေးများအတွက် လိုအပ်သော ကာကွယ်ဆေးများအား အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေးလုပ်ငန်း၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားချိန်တွင် တုံ့ပြန် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများစသည့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး /ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများမှ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ အားလုံးကို ဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် ထပ်မံပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဂျီဆိုင်းတောင်က ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့် ဒေသများတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး မှတ်တမ်း Video ကို ကြည့်ရှုပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းနှင့်ပတ်သက်သော ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လွိုင်လင်မြို့၌ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးပေး

**လွိုင်လင် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ဇီဝကခန်းမ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်သာသနာရေးဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းမှစတင်၍ ခရိုင်အတွင်းရှိ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ၏ ကျန်းမာရေးအခြေအနေများကို မေတ္တာဖြင့် စမ်းသပ်ကြည့်ရှုခဲ့ပြီး လိုအပ်သောကုသမှုများကို ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် လွိုင်လင်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်သူ ဦးဆောင်၍ သက်ဆိုင်ရာရောဂါအလိုက် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်းနှင့် လိုအပ်သော ဆေးဝါးများအား လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အယ်မင်း(လွိုင်လင်)**

# မအူပင်မြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေး



**မအူပင် ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ် (၅)ရပ်ကွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ) ဒေါက်တာသန်းနိုင်စိုးက ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများ၊ မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က ကျေးလက်ဒေသများ၌ ကာကွယ်ဆေးထိုးခြင်း အောင်မြင်မှုရာခိုင်နှုန်းများနှင့် ကာကွယ်ဆေးရရှိမှုအခြေအနေများကို ပြောကြားပြီး မအူပင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးသက်က ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**



# ကြံခင်းမြို့နယ်၌ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ကြံခင်း ဇန်နဝါရီ ၂၈**

ကာကွယ်ဆေးထိုးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးသည့်လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဆင့် အသိပညာပေးညှိနှိုင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှထွန်းဇော်က မြို့နယ်အတွင်း ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပင်လောင်းမြို့နယ်၌ မြို့နယ်အဆင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေး အသိပေးဆွေးနွေး

**ပင်လောင်း ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့် ဒေသများတွင် ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးက နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့် ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးပြီး လက်ရှိဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးနှံပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက်အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ကေသီခိုင်က ကာကွယ်ဆေးထိုးနှံရာတွင် အသုံးပြုသည့် ဆေးထိုးအပ်၊ ဆေးပုလင်းစသည့် ဆေးပစ္စည်းများအကြောင်းနှင့် အသုံးပြုပြီး ဆေးထိုးအပ်၊ ဆေးပုလင်းပစ္စည်းများ စွန့်ပစ်မှုအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စည်းလုံးခြင်းသည် အင်အား**
**ညီညွတ်ခြင်းသည် စွမ်းအား**
**ငြိမ်းချမ်းခြင်းသည် အလှတရား**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုဟုခေါ်ပါသည်

**မေ**

**ဖေဖော်ဝါရီလ၏ အေးမြသော နံနက်ခင်းတစ်ခုတွင် ပြည်သူတို့သည် နှစ်စဉ်နှစ်တိုင်း ထူးမြတ်သည့်နေ့တစ်နေ့ကို ကြိုဆိုကြသည်။ ပြည်ထောင်စုနေ့ဟူသည့် ဤအမည်ကပင် သမိုင်းဝင်လေးနက်သည့်နေ့အဖြစ် တစ်နိုင်ငံလုံးက ခံယူကြသည်။ ပြည်ထောင်စုနေ့တွင်ချမှတ်ခဲ့သည့် ကတိသန္နိဋ္ဌာန်နှင့် နိုင်ငံ၏မျှော်လင့်ချက်တို့မှာ ၇၉ နှစ်တိုင် ရှင်သန်နေဆဲဖြစ်ပါသည်။**



ပြည်ထောင်စု၏ သွေးစည်းညီညွတ်မှုကို ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး ပင်လုံမြေတွင် ကြိုးပမ်းဆောင်ရွက်နေပုံပန်းချီကား။

### သမိုင်းထဲက ပင်လုံ

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ။ ပင်လုံမြို့ငယ်လေးတွင် မျိုးနွယ်စုပေါင်းစုံမှ ခေါင်းဆောင်များ စုဝေးခဲ့ကြဖူးသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မျက်လုံးအိမ်တို့တွင် စိတ်အားထက်သန်မှုနှင့် စိုးရိမ်မှုတို့ ရောနှောနေမည်ဟု စိတ်မှန်းဖြင့် မြင်ယောင်မိသည်။ စဝ်ရွှေသိုက်၏ မျက်နှာသွင်ပြင်ပေါ်တွင် ရှမ်းပြည်နယ်၏ ဂုဏ်သိက္ခာအတွက် တာဝန်ကြီးမားစွာ ခံစားရပုံကို သမိုင်းဝင်ပင်လုံပန်းချီကားအချို့၌ မြင်တွေ့ရသည်။ ပင်လုံအစည်းအဝေးသည် ရိုးရိုးအစည်းအဝေးတစ်ခုမဟုတ်၊ ဤနေရာတွင် လွတ်လပ်ရေးအတွက်သာမက ပိုကြီးမားသည့် ပြည်ထောင်စုဟူသည့် စည်းလုံးညီညွတ်ခြင်းအတွက် ဆွေးနွေးနေကြခြင်းဖြစ်သည်။ နိုင်ငံတစ်ခု၏ ပကတိပုံသဏ္ဌာန်ကို ပြောင်းလဲစေမည့် ဆုံးဖြတ်ချက်များကို သဘောတူချမှတ်ခဲ့ခြင်းက ပြည်ထောင်စုနေ့၏ အတိတ်သမိုင်းရက်စွဲဖြစ်လာသည်။

အတိအကျဆိုရလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပင်လုံသို့ ရောက်ရှိခဲ့သည်။ ဗိုလ်ချုပ်နှင့်အတူ ဦးအောင်ဇေယျ၊ သခင်ထွန်းအုပ်၊ မန်းဘခိုင်၊ ဒီးဒုတ် ဦးဘချိုတို့ လိုက်ပါလာခဲ့သည်။ ရှမ်းတိုင်းရင်းသားများဘက်မှ စဝ်ရွှေသိုက်၊ စဝ်ခွန်ချို၊ စဝ်စံထွန်း၊ စဝ်ခွန်ပန်းစိန် စသည့်စော်ဘွားကြီးများနှင့် ကိုယ်စားလှယ်များပါဝင်ခဲ့သည်။ ကချင်တိုင်းရင်းသားများဘက်မှ ဆမားဒူးဝါးဆင်ဝါးနောင်၊ ဆမား ဦးလှဖေ၊ ဒူဝါဇော်ဝမ်း၊ ဒူဝါဇော်လွန်းတို့ တက်ရောက်ခဲ့သည်။ ချင်းဘက်မှ ဦးဝမ်းကောင်း (အမှတ် ၂ ချင်းတောင်တန်းခရိုင်) နှင့် ဦးဟာလ်ခွန်း (ဖလမ်းခရိုင်) စသူတို့ တက်ရောက်ကြသည်။

အစည်းအဝေးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည်။ ပထမဆုံးနေ့များတွင် အခက်အခဲများစွာရှိခဲ့သည်။ ရှမ်းစော်ဘွားကြီးများသည် လွတ်လပ်ရေးရပြီးနောက် ၎င်းတို့၏ အခွင့်အရေးများဆုံးရှုံးမည်ကို စိုးရိမ်နေကြသည်။ ကချင်ခေါင်းဆောင်များကလည်း ဗမာမဟုတ်သော တိုင်းရင်းသားများ၏ အခွင့်အရေးများကို အာမခံချက်ရရှိရန်လိုအပ်ကြောင်း ပြောဆိုခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဆွေးနွေးညှိနှိုင်းသည်၊ ကတိကဝတ်ပြုတန်ရာပြုသည်၊ နှစ်သိမ့်ဆွေးနွေးသည်။

ထိုသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ညနေပိုင်းတွင် သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်တွင် အဓိကအချက် (၁၂) ချက်ပါဝင်ခဲ့သည်။ အဓိကအချက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တန်းတူညီမျှမှုတို့ထည့်သွင်းထားသည်။

**“ကျွန်တော်တို့ ကွဲပြားခြင်းကို ပြောနေလို့မရဘူး။ ဘယ်လိုအတူတကွနေထိုင်မလဲ ဆိုတာကိုပဲ စဉ်းစားရမယ်”**ဟု ဗိုလ်ချုပ်အောင်ဆန်းက ဆိုခဲ့သည်။ ပင်လုံစာချုပ်၏ အနှစ်သာရစကားအဖြစ် တိုင်းရင်းသားတို့ စိတ်ဝယ်စွဲမြဲစေသည့် စကားရပ်ဖြစ်ခဲ့သည်။ ဘိုးဘေးတို့၏ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ လေးစားမှု၊ ဉာဏ်ပညာကြီးမားခဲ့မှုကြောင့် အပြည်ပြည်အထောင်ထောင် ကွဲပြားမနေသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးစုစည်းနေထိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ရပ်တည်နေနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် လွတ်လပ်ရေးရရှိပြီးသောအခါ မတူကွဲပြားမှုတို့ကို အရင်းခံကာ လူမျိုးစွဲ၊ ဝါဒစွဲတို့ဖြင့် ပဋိပက္ခမီးတို့ မငြိမ်းသတ်နိုင်သေး။

ထိုအကြောင်းစဉ်းစားရင်း စာရေးဆရာမင်းသုဝဏ်၏စကားကို သတိရမိသည်။ **“သမိုင်းဆိုတာ အတိတ်ကိုပြောတာမဟုတ်၊ အနာဂတ်ကို ညွှန်ပြတာပါ”**ဟု ဆရာမင်းသုဝဏ်က တင်စားခဲ့သည်။ ထို့အတူ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက **“ပင်လုံစာချုပ်သည် ကောင်းမွန်တဲ့အနာဂတ်ကို စတင်ခြင်းဖြစ်ပြီး လမ်းဆုံးမဟုတ်”**ဟု ဆိုခဲ့သည်။ ပင်လုံစာချုပ်သည် သမိုင်းဝင်စာရွက်တစ်ရွက် ထက်ပိုတန်ဖိုးရှိပြီး ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အနာဂတ်မြေပုံတစ်ခုပင်ဖြစ်သည်။

ပြည်ထောင်စုနေ့နှင့် ပင်လုံစာချုပ်တို့သည် မတူကွဲပြားသည့်ကြားက ညီညွတ်ခြင်းကို ဖော်ဆောင်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး တောင်တန်းများသည် ပြည်မနှင့် တန်းတူညီမျှစေဖို့ ကြိုးပမ်းခြင်း၊ အေးအတူပူအမျှ အတူတကွဟူသည့် စိတ်ဓာတ်၏ မျိုးစေ့တစ်စေ့ပင်ဖြစ်ပါသည်။ ကိုလိုနီတို့၏သွေးခွဲအုပ်ချုပ်ရေးကြောင့် သံသယများနှင့် ရှေ့တိုးရန်ခက်ခဲသည့် ညီညွတ်ရေးတို့မှာ ပင်လုံစာချုပ်နှင့် သမိုင်းဝင်ပြည်ထောင်စုနေ့တွင် ချိုးဖျက်နိုင်ခဲ့ကြပြီး အတူတကွ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ကျူးနိုင်ခဲ့သည်။

### ပြည်ထောင်စုနေ့ဝိသေသ

ပြည်ထောင်စုနေ့အခမ်းအနားများကို နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ ပြည်ထောင်စုနေ့သည် ရိုးရာအထိမ်းအမှတ်နေ့ထူးနေ့မြတ်တစ်ခုထက် ပိုမိုနက်ရှိုင်းသည့်လက္ခဏာတို့ ပါရှိသည်။ ကျွန်ုပ်တို့၏ ပြည်ထောင်စုဟူသည့် နိုင်ငံတော် ဝိသေသလက္ခဏာများကို နှစ်စဉ် ပြန်လည်အတည်ပြုခြင်းဟု မှတ်ယူကြပြီး မြန်မာနိုင်ငံသည် လူမျိုးတစ်မျိုးတည်း၏ နိုင်ငံမဟုတ်၊ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာစကားပေါင်းစုံပါဝင်သော ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း သတိရစေသည်။

**ရှမ်းအဘွားအိုတစ်ဦးပြောသည့် ပုံပြင်ကို နားထောင်ရင်း ကချင်လူငယ်တစ်ဦး၏တေးသံကို ခံစားကြမည်။ ရခိုင်တိုင်းရင်းသားတစ်ဦး၏ စိုးရိမ်မှုကို ဖြေဖျောက်ပေးနိုင်ကြရမည်။ စည်းလုံးခြင်းသည် အတူတူပြောဆိုခြင်းမဟုတ်၊ အချင်းချင်းနားလည်ခြင်းဖြစ်ကြောင်း မိမိတို့ဘိုးဘွားများက ပင်လုံစာချုပ်ဖြင့် သက်သေပြခဲ့ကြသည်ကို သတိပြုကြရမည်။ ထို့အတူ ဗမာစကားကို ရှမ်းရွာများတွင် သင်ကြားပေးနေသူ ဆရာမလေးများ၊ ကရင်ရိုးရာ ဖားစည်အကကို ရောဝတီမြစ်ဝှမ်းက ကလေးများဆီပို့ဆောင်ပေးကြသည့် အနုပညာရှင်များနှင့် မြင့်မားလာသည့် သိပ္ပံနှင့် နည်းပညာစာအုပ်များကို မွန်ဘာသာသို့ ပြန်ဆိုပေးသည့် ပညာရှင်များ စသူတို့မှာ စည်းလုံးခြင်းအတွက် အုတ်မြစ်ချသူများပင်ဖြစ်သည်။**

### လက်တွေ့လုပ်ဆောင်ရင်း အဓိပ္ပာယ်ရှိစွာ ဖြတ်သန်း

၂၀၂၆ ခုနှစ် ပြည်ထောင်စုနေ့တွင် ကျွန်ုပ်တို့မည်သည့်အရာများ မျှော်လင့်ထားနိုင်မလဲ။ **"ပြည်ထောင်စုစိတ်ဓာတ်"**ကို လက်တွေ့အသက်သွင်းနိုင်စေရန် ကြိုးပမ်းအားထုတ်သင့်ကြပြီ။ တိုင်းရင်းသားလူငယ်များ အတူတကွ စိုက်ပျိုးရေးစီမံကိန်းများစတင်ခြင်း၊ နည်းပညာများလေ့လာခြင်းနှင့် အတူတကွ သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ခြင်း စသည်စသည်ဖြင့် လက်တွေ့ကျကျ စည်းလုံးကြည့်စေလိုပါသည်။

တိုင်းရင်းသားပေါင်းစုံ လူမျိုးပေါင်းစုံ နားလည်လက်ခံနိုင်မည့် ပြည်ထောင်စုဖြစ်နိုင်ရေးအတွက် လူမျိုးစုတို့၏ ဘာသာစကား၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို အပြန်အလှန် အသိအမှတ်ပြုကြရမည်။ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့တွင် မည်သူမဆို ဒေသမရွေး၊ လူမျိုးမရွေး ရယူပိုင်ခွင့်ကို ကူညီအားပေးကြရမည်။ မျိုးချစ်စိတ်သည် မိမိလူမျိုးကို ချစ်ရုံမျှဖြင့်မပြီး၊ မိမိလူမျိုးနှင့်အတူ နေထိုင်သည့် အခြားမျိုးနွယ်စုများအားလုံးအပေါ် လေးစားတတ်ခြင်းပင်။

### စိန်ခေါ်မှုများနှင့် အနာဂတ်လမ်းကြောင်း

ယနေ့ခေတ် ပြည်ထောင်စုနေ့သည် ပြည်သူများအတွက် အမေးပုစ္ဆာတို့ဖြင့် ပြည့်နှက်နေသည်။ ပင်လုံစိတ်ဓာတ် ပြန်လည်ရှင်သန်ဖို့ကြိုးစားနိုင်ကြမည်လား။ လက်ရှိ နိုင်ငံရေးပဋိပက္ခများ၊ ပြည်တွင်းမတည်ငြိမ်မှုများထဲတွင် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကို မည်သို့ထူထောင်မည်နည်း။ လွယ်ကူသည့်အလုပ်တော့မဟုတ်ပါ။ သို့သော် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တိုင်းရင်းသားတို့အသံ စုစည်းကာ ပင်လုံစာချုပ်ကို အောင်အောင်မြင်မြင် ချုပ်ဆိုပြသနိုင်ခဲ့ခြင်းဖြင့် သက်သေပြထားခဲ့ပြီးဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို လေးစားလိုက်နာလျက် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ကြရန် လိုအပ်ပါသည်”** ဟု ပြောကြားခဲ့ဖူးသည်။ ထို့အပြင် ယာယီသမ္မတက ပြည်ထောင်စုကြီးမပြိုကွဲရေးကာကွယ်ရန်မှာ အားလုံး၏တာဝန်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ကြောင်း၊ ပင်လုံစာချုပ်သည် စည်းလုံးညီညွတ်ရေး၏ သမိုင်းဝင်လက်ဆောင်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း အတည်ပြုပြောကြားခဲ့သည်။

စာမျက်နှာ ၇ သို့

**ရှမ်းအဘွားအိုတစ်ဦးပြောသည့်ပုံပြင်ကို နားထောင်ရင်း ကချင်လူငယ်တစ်ဦး၏တေးသံကို ခံစားကြမည်။ ရခိုင်တိုင်းရင်းသားတစ်ဦး၏ စိုးရိမ်မှုကို ဖြေဖျောက်ပေးနိုင်ကြရမည်။ စည်းလုံးခြင်းသည် အတူတူပြောဆိုခြင်းမဟုတ်၊ အချင်းချင်းနားလည်ခြင်းဖြစ်ကြောင်း မိမိတို့ဘိုးဘွားများက ပင်လုံစာချုပ်ဖြင့် သက်သေပြခဲ့ကြသည်ကို သတိပြုကြရမည်။ ထို့အတူ ဗမာစကားကို ရှမ်းရွာများတွင် သင်ကြားပေးနေသူ ဆရာမလေးများ၊ ကရင်ရိုးရာ ဖားစည်အကကို ရောဝတီမြစ်ဝှမ်းက ကလေးများဆီပို့ဆောင်ပေးကြသည့် အနုပညာရှင်များနှင့် မြင့်မားလာသည့် သိပ္ပံနှင့် နည်းပညာစာအုပ်များကို မွန်ဘာသာသို့ ပြန်ဆိုပေးသည့် ပညာရှင်များ စသူတို့မှာ စည်းလုံးခြင်းအတွက် အုတ်မြစ်ချသူများ ပင်ဖြစ်**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးခဲ့မှု များ ရှင်းလင်းတင်ပြချက်အပေါ် မပြီးပြတ်သေးသည့် ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင် သည့် နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့် အတွက် ဆပ်ကော်မတီဝင်များအားလုံး လုပ်ငန်း တာဝန်များ ထမ်းဆောင်ရာတွင် အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခမ်းအနား သို့တက်ရောက်မည့် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြု ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထား သည့်ဧည့်သည်တော်များ နေပြည်တော်သို့ ရောက်ရှိ ချိန်မှစ၍ အခမ်းအနားပြီးဆုံးပြီး ပြန်လည်ထွက်ခွာ သည့်အချိန်အထိ သတ်မှတ်နေရာသို့ အချိန်မီ လုံခြုံ စိတ်ချစွာ သွားလာနိုင်ရေးနှင့် ဆက်သွယ်ရေးကိစ္စရပ် များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ ရပါက အချိန်နှင့်တစ်ပြေးညီ တင်ပြရန်လိုကြောင်း၊ အဖွဲ့ခေါင်းဆောင်များ၊ ကြီးကြပ်သူများနှင့် ယာဉ်မောင်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ သတိဖြင့် ဆောင်ရွက်သွားရန်၊ ဝတ်စားဆင်ယင်မှုများ သတ်မှတ် ချက်နှင့်အညီဖြစ်စေရန်နှင့် အချင်းချင်းဆက်သွယ်မှု မြန်ဆန်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ ညွှန်ကြားချက်များကို ကော်မတီဝင် များအားလုံးပူးပေါင်းပြီး အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြ သည့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများ အလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## အိမ်မဲမြို့နယ်၌ တောင်သူများထံ သွင်းအားစုများပေးအပ်

**အိမ်မဲ ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲ မြို့နယ် ဆိတ်ချေးကုန်းကျေးရွာ ဓမ္မာရုံတွင် ဇန်နဝါရီ ၂၇ ရက်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် သက်တန့်ရောင် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် ထွန်းရွှေဝါကြီး စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်း လီမိတက်အတွက် စီမံကိန်းရန်ပုံ ငွေကျပ် ၁၀၂ သိန်းတန်ဖိုးရှိ သွင်းအားစုများ ပေးအပ်ပွဲအခမ်း အနားကို ကျင်းပသည်။



ဦးစွာ အိမ်မဲမြို့နယ် သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မင်းသိန်းက သွင်းအားစု များ ပေးအပ်ရခြင်းရည်ရွယ်ချက် ကို ပြောကြားသည်။

| | | ဦးဇော်မင်း | ပြည်သူ့ပါတီ | ၁၅၂၈၂ | ၄၃၈ | ၁၅၇၂၀ | ၁၄.၇၈% |
| | | ဦးဇင်အောင်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၅၀၄ | ၄၇၃ | ၁၁၉၇၇ | ၁၁.၂၇% |
| | | ဦးအောင်မျိုးမင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၂၆၁ | ၆၄၁ | ၁၀၉၀၂ | ၁၀.၂၅% |
| ၅၂ | မော်လမြိုင်ကျွန်းမြို့နယ် | | | ၁၂၀၉၄၃ | ၄၅၉၃ | ၁၂၅၅၃၆ | |
| | | ဦးခင်မောင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၀၆၅ | ၃၀၂၆ | ၆၄၀၉၁ | ၅၁.၀၅% |
| | | ဦးသန်းထွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၁၂၂၈ | ၅၆၆ | ၂၁၇၉၄ | ၁၇.၃၆% |
| | | ဒေါ်ဖွန့်မေဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၇၈၅ | ၄၀၇ | ၁၁၁၉၂ | ၈.၉၂% |
| | | ဒေါ်မေသန္တာစိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၃၇၆ | ၃၂၃ | ၁၀၆၉၉ | ၈.၅၂% |
| | | ဦးအောင်ကျော်ဦး | ပြည်သူ့ပါတီ | ၁၀၄၄၀ | ၁၃၈ | ၁၀၅၇၈ | ၈.၄၃% |
| | | ဦးမင်းသိမ်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၄၉ | ၁၃၃ | ၇၁၈၂ | ၅.၇၂% |
| ၅၃ | ဇလွန်မြို့နယ် | | | ၇၃၀၄၂ | ၅၉၀၅ | ၇၈၉၄၇ | |
| | | ဦးလှခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၅၈၂ | ၃၆၈၃ | ၃၄၂၆၅ | ၄၃.၄၀% |
| | | ဦးစိန်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၅၄၄ | ၉၈၆ | ၁၅၅၃၀ | ၁၉.၆၇% |
| | | ဦးစိုးမြင့်ထွန်း | ပြည်သူ့ပါတီ | ၁၄၀၃၉ | ၄၆၅ | ၁၄၅၀၄ | ၁၈.၃၇% |
| | | ဦးမြတ်သူရ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၅၂ | ၄၃၀ | ၈၄၈၂ | ၁၀.၇၅% |
| | | ဦးပြည့်ဖြိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၂၅ | ၃၄၁ | ၆၁၆၆ | ၇.၈၁% |
| ၅၄ | လေးမျက်နှာမြို့နယ် | | | ၂၅၀၂၃ | ၂၇၀၈ | ၂၇၇၃၁ | |
| | | ဦးမြင့်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၀၁၀ | ၂၀၀၁ | ၁၅၀၁၁ | ၅၄.၁၃% |
| | | စမျိုးဇော် | ပြည်သူ့ပါတီ | ၇၁၃၂ | ၃၄၂ | ၇၄၇၄ | ၂၆.၉၅% |
| | | ဒေါ်ဌေးရီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၆၀ | ၁၇၈ | ၂၅၃၈ | ၉.၁၅% |
| | | ဒေါ်စိုးစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၃၀၇ | ၇၆ | ၁၃၈၃ | ၄.၉၉% |
| | | ဒေါ်မြတ်မြတ်သူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၁၄ | ၁၁၁ | ၁၃၂၅ | ၄.၇၈% |

# ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ စီမံကိန်းလုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးတို့သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒအား သွားရောက် ဖူးမြော်ပြီး ဆရာတော်ကြီး၏ သာသနာပြုခရီးစဉ်အတွက် ဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် ဧည့်ပရိသတ်များက မြောက်ဦးဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆန်နှင့် ပဲများ ထုပ်ပိုးထားရှိမှုကို ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ အကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကုန်ဆုံးမည်ဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အမီ ဆောင်ရွက်နိုင်ရေး စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန်နှင့် အချိန်မီပြီးစီးနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် MV– Royal Venus သင်္ဘောဖြင့် ရန်ကုန်မြို့မှ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုကိုလည်းကောင်း၊ စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ဖောင်တော်ကြီး)၌ အမ်ဗွီရွှေအိမ်သည်သင်္ဘောဖြင့် တည်ဆောက်ရေးသုံးပစ္စည်းများ ရောက်ရှိလာမှုနှင့် ကုန်တင်ကုန်ချပြုလုပ်နေမှုကိုလည်းကောင်း၊ စစ်တွေတက္ကသိုလ်တွင် 100 KVA ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးတပ်ဆင်ထားရှိမှုကိုလည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)တွင် 50 KVA ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးတပ်ဆင်ထားရှိမှုကို လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တွင် 100 KVA ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးတပ်ဆင်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးကာ တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**မော်လမြိုင် ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆)ကို ယနေ့နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် ကလေးအလုပ်သမားပပျောက်ရေးအတွက် ဥပဒေများကို ပြန်လည်ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန်၊ ကလေးအလုပ်သမား ပပျောက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မည့်သူများကို အသိပညာပေးရန်နှင့် ယင်းတို့၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်တို့မှာ အဓိကကျသည့် လုပ်ငန်းများဖြစ်၍ ဆပ်ကော်မတီအဖွဲ့ဝင်များအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်လည်း ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပိုင်းဆိုင်ရာ အခက်အခဲများ လိုအပ်ချက်များရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးလိုကြောင်း၊ ယခုအခါ ဥပဒေရေးရာဆပ်ကော်မတီ၏ ၂၀၂၄-၂၀၂၈ ခုနှစ် ဒုတိယငါးနှစ်တာစီမံချက်ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီအတွင်းရေးမှူး ပြည်နယ်ဥပဒေအရာရှိ ဦးအောင်ကိုမြတ်က ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခြင်းနှင့် ၂၀၂၆ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ ဆွေးနွေးတင်ပြခြင်းအပေါ် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# ပင်လုံတက္ကသိုလ်၌ အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပင်လုံ ဇန်နဝါရီ ၂၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ပင်လုံတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် အကြမ်းဖက်မှုကြိုတင်ကာကွယ် တားဆီးရေးဆိုင်ရာများ၏ အခြေခံသဘောတရားများနှင့်ဆက်စပ်နေသော ဥပဒေများကိုသိရှိနားလည်စေရန် ဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါ တက္ကသိုလ်ရှိ



ဘက်စုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ်ဒေါက်တာနီလာမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မျိုးသန့်က လုံခြုံသောဘဝအတွက် အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေး အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားအုန်းဆီများ ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဟင်္သာတ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီက ဟင်္သာတမြို့နယ်အတွင်းရှိ စားအုန်းဆီ လက်ကား/ လက်လီ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဆိုင်များအား စားအုန်းဆီဖြန့်ဖြူးရောင်းချမှုအပေါ် ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုရှိ/ မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း စီမံခန့်ခွဲမှုကော်မတီဝင် ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောအောင်မွန်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟင်္သာတမြို့နယ်အတွင်း စားအုန်းဆီ လက်ကား/ လက်လီ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဆိုင်များဖြစ်သော ဥယျာဉ်မြောက်ရပ်ကွက် မလိခလမ်းရှိ ဖိုးရဲဆီဆိုင်၊ ပတ္တမြားရပ်ကွက်၊ ဦးဝိစာရလမ်းရှိ ထွန်းသစ်စကုန်စုံဆိုင်၊ ကနောင်စု ရပ်ကွက် ဘူတာဈေးရှိ B သုံးလုံး ကုန်စုံဆိုင်၊ ညောင်ပင်ရွာရပ်ကွက် ဓမ္မာရုံကျောင်းလမ်းရှိ နိုင်ဆီစက် တို့အပါအဝင် စားအုံးဆီအရောင်းဆိုင်များမှ အိမ်ထောင်စုအလိုက် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုအပေါ် ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုရှိ / မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ စားအုန်းဆီတစ်ပိဿာလျှင် ၆၈၇၅ ကျပ်နှုန်းဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ပြည်သူများအား ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ကျောက်ပန်းတောင်းမြို့၌ ဈေးများ မီးဘေးလုံခြုံရေး အသိပညာပေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဈေးများ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယနေ့နံနက်ပိုင်းက တမ္ဗဝတီရပ်ကွက်ရှိ တမ္ဗဝတီဈေးသစ်နှင့် ဈေးကွက်သစ်ရပ်ကွက်ရှိ မြို့မစည်ပင်သာယာဈေးတို့၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းမြင့်က မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းများ၊ မီးလောင်မှုအတန်းအစားခြောက်မျိုးနှင့် ဖြစ်ပွားမှုအများဆုံး မီးလောင်မှုများ၊ အရေးပေါ်မီးငြိမ်းသတ်နည်းများနှင့် မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်နည်းများကို ရှင်းလင်းဟောပြောသည်။ ယင်းနောက် မီးလောင်မှုဖြစ်ပွားရာတွင် မီးသတ်ဆေးဘူးဖြင့် အရေးပေါ်မီးငြိမ်းသတ်နည်းကို မီးသတ်တပ်ဖွဲ့



ဝင်များက သရုပ်ပြသကြပြီး၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ ဈေးကော်မတီများ၊ ဈေးသူ/ဈေးသားများ ပူးပေါင်းပါဝင်၍ မီးသတ်ဆေးဘူး အသုံးပြုမီးငြိမ်းသတ်နည်းများကို လက်တွေ့ဆောင်ရွက်ကြသည်။

**နေအောင်(ပြန်/ဆက်)**

## ခေတ်သစ်ပြည်သူ့ပါတီ၏ သဘောထားထုတ်ပြန်ချက်

**ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁၈)ရက်**

နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အမှန်တရားအတွက် နိုင်ငံနဲ့ လူမျိုးဂုဏ်ကို ကိုယ်စားပြုဆောင်ရွက်နေသော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုထုတ်ပြန်ချက် ခပတ-၁/၂၀၂၆

(၁) ယခုအခါ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဇန်နဝါရီလ(၁၂) ရက်နေ့မှ (၂၉)ရက်နေ့အထိ ပြုလုပ်သော မြန်မာနဲ့ဂမ်ဘီယာနိုင်ငံတို့ရဲ့ အမှုနဲ့ပတ်သက်တဲ့ ကြားနာပွဲကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နဲ့ ပြည်ထောင်စုရှေ့နေချုပ် ဒေါ်သီတာဦးတို့ ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့ တက်ရောက်နေကြပြီး နှစ်ကြိမ်လျှောက်လဲချက်များ ပေးသွားမယ် ဖြစ်တယ်လို့ သိရပါတယ်။

(၂) ဂမ်ဘီယာနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ မိုင်ပေါင်းထောင်ချီဝေးကွာတဲ့ အာဖရိကတိုက်ရဲ့ အနောက်ပိုင်းမှာ တည်ရှိတဲ့ နိုင်ငံငယ်လေးတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒီနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးမှာ အာရှတိုက်က မြန်မာနိုင်ငံအပေါ်တရားစွဲဆိုထားလို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတကာတွင် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူကြီး(၅)ရပ်နဲ့အညီ အစဉ်တစိုက်ရပ်တည်လာခဲ့သော ရပ်တည်လျက်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

(၃) အမှန်တရားကိုရှာဖွေရင် ပကတိဘဝမှာရှာဖွေရမယ့် လူတွေရှိနေသရွေ့ လူမှုပြဿနာမကင်းနိုင်။ ပြဿနာရှိတာမရှိတာ အဓိကမဟုတ် ပြဿနာဖြေရှင်းနည်း မှန်ရေးကသာ အဓိကဖြစ်တယ်လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။

(၄) ဒါကြောင့် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အမှန်တရားအတွက် နိုင်ငံနဲ့လူမျိုးဂုဏ်ကို ကိုယ်စားပြုဆောင်ရွက်နေသော ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နဲ့ ပြည်ထောင်စုရှေ့နေချုပ် ဒေါ်သီတာဦးတို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အထူးတလည် ဂုဏ်ပြုထုတ်ပြန်ပါတယ်။

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်ကော်မတီကိုယ်စား
ခေတ်သစ်ပြည်သူ့ပါတီဗဟိုရုံးချုပ်

## ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ် မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များ ရေးသားခြင်း၊ ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှ မပါဘဲ အားတက်သရော လုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ် အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာ ဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာ အသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြု လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ် ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသား အမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အား သုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

**သတင်းအဖွဲ့**



## မိတ္ထီလာမြို့နယ် သမဝါယမအသင်းစု(လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**မိတ္ထီလာ ဇန်နဝါရီ ၂၈**

မိတ္ထီလာမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစု(လီမိတက်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတည်ပြုဆုံးဖြတ်**

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစု(လီမိတက်) ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကား ပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဦးထွန်းဇော်ဦးက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိဦးမြင့်လွင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ရှေ့လုပ်ငန်းစဉ်နှင့် ဆွေးနွေးချက်များအား ဆုံးဖြတ်အတည်ပြုရန် အမှုဆောင်က ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များက ကန့်ကွက်ရန်မရှိ အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## လယ်ဝေးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးဆောင်ရွက်မည့် အခြေခံသမဝါယမအသင်းအမှုဆောင်အဖွဲ့များနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ၊ ဌာနဝန်ထမ်းများနှင့် လယ်ဝေးမြို့နယ်အတွင်းရှိ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးရေးစီမံကိန်းတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် နိုင်ငံတော်ထောက်ပံ့ငွေ (သက်တန့်ရောင်စီမံကိန်း)ဖြင့် နွေစပါးစိုက်ပျိုးဆောင်ရွက်မည့် အခြေခံသမဝါယမအသင်း အမှုဆောင်အဖွဲ့များနှင့် ယမန်နေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် သမဝါယမဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးရေး စီမံကိန်းတွင် လယ်ဝေးမြို့နယ် အနေဖြင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများဖြင့် မျိုး၊ သွင်းအားစုများ ရယူဆောင်ရွက်မည့် အသင်းသား တောင်သူများအနေဖြင့် အမှန်တကယ် စိုက်ပျိုးဆောင်ရွက်ကြပြီး စိုက်ပျိုးရာတွင် အထွက်တိုးမျိုးကောင်း မျိုးသန့်များကို စိုက်ပျိုးရန်လိုအပ်ကြောင်း၊ အသင်းသား တောင်သူများကလည်း မိမိတို့ နွေစပါးစိုက်ကေများ စပါးအထွက်နှုန်း ယခင်နှစ်ထက် ပိုမိုရရှိစေရန် ဦးစီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍အခြေခံသမဝါယမအသင်း အမှုဆောင်များက မိမိတို့အသင်းရှိ နွေစပါးစိုက်ပျိုးမည့် အသင်းသား တောင်သူများ၏ လယ်ယာမြေအခြေအနေများ၊ မျိုး၊ သွင်းအားစု လိုအပ်မှုများနှင့် နွေစပါးစိုက်ပျိုးမည့် အစီအစဉ်များကို တင်ပြဆွေးနွေးရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းသား ကိုယ်စားလှယ်များနှင့်ဆွေးနွေး

**သီပေါ ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ သမဝါယမအသင်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ဇန်နဝါရီ ၂၆ ရက်က အဆိုပါအသင်းရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးတင်မောင်မောင်က အသင်း၏ ၁၅ လတာကာလအတွင်း အသင်းလုပ်ငန်းများရပ်ဆိုင်းခြင်းမရှိဘဲ အသင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရတနာဝင်းက အသင်းလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။



ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မိုးက အသင်းသားများကိုယ်စား အသင်းပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**❂ မြန်မာအမျိုးသမီးမှ**

ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း နှစ်ဂိုးစီသရေ၊ YREO အသင်းနှင့် မြဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် ပြိုင်ပွဲပြီးဆုံးခါနီးတွင် ဆက်တိုက်ခြေချော်ပြီး နှစ်ပွဲဆက်တိုက်သရေကျခဲ့သဖြင့် ရှေ့ဝတီအသင်းနှင့် သုံးမှတ်ပြတ်သွားခဲ့သည်။

သို့သော် ချန်ပီယံဆုကာကွယ်ခွင့်ရှိသေးပြီး ရှေ့ဝတီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲတွင် အနိုင်ကစားနိုင်ပါက ရမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် ဗိုလ်စွဲမည်ဖြစ်သည်။ သုံးမှတ်အသာရထားသည့် ရှေ့ဝတီအသင်းမှာမူ သရေကစားနိုင်ရုံဖြင့် ချန်ပီယံဆုအား ပထမဆုံး ရယူနိုင်မည်ဖြစ်သည်။

**ကျင်းပမည်**

ပွဲစဉ် (၁၇) အပြီးတွင် ရှေ့ဝတီအသင်းက ၃၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၃၆ မှတ်၊ သစ္စာအားမာန်အသင်းက ၃၃ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၀၊ ရှမ်းယူနိုက်တက်အသင်းက ၂၄ မှတ်၊ YREO အသင်းက ၁၂ မှတ်၊ မြဝတီအသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ရှစ်မှတ်၊ ရန်ကုန်စီးတီးအသင်းက တစ်မှတ်ရရှိထားသည်။ နောက်ဆုံးပွဲစဉ် (၁၈) ကို ဇန်နဝါရီ ၃၀ရက်နှင့် ၃၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ရှေ့ဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့၏ ချန်ပီယံဆု အဆုံးအဖြတ်ပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MWL**



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများအား စစ်ရေယာဉ် (မုတ္တမ)ပေါ်သို့ ပို့ဆောင်ပေးစဉ်။

❖ **ကျောဖုံးမှ**

ထို့ပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင်အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟုသံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံသို့ ပြန်လည် လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား ၇၂၉ ဦးကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI)နှင့် တပ်မတော်လေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ထိုသို့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများ အနက် တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့သည့် မြန်မာနိုင်ငံသား ၅၄၃ ဦးကို မြိတ်မြို့မှ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးနိုင်ရေး မြိတ်မြို့ ဆိပ်ငယ်တံတားမှ စစ်ရေယာဉ်များဖြင့် တင်ဆောင်၍ ကျွန်းစုမြို့နယ် မော်တုံးကြီးကျေးရွာအနီးရှိ ပင်လယ်ပြင်၌ စောင့်ဆိုင်းနေသည့် စစ်ရေယာဉ် (မုတ္တမ) ပေါ်သို့ ပို့ဆောင်ပေးရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေယာဉ်(မုတ္တမ)သည် ဇန်နဝါရီ ၂၇ ရက် ညပိုင်းတွင် စတင်ထွက်ခွာခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်ပေါ်တွင် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စားသောက်နေထိုင်မှုများအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။ စစ်ရေယာဉ်(မုတ္တမ)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အမှတ်(၃)ဆိပ်ခံတံတားသို့ ရောက်ရှိကြပြီး သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုကြို၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်ခရိုင်ရုံးမှ တာဝန်ရှိသူများက လူဦးရေတိုက်ဆိုင်စစ်ဆေးခြင်း၊ သန်လျင်ခရိုင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေး မကောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများက စားသောက်ဖွယ်ရာများအား တစ်ဦးချင်းပေးအပ်သည်။

ထို့နောက် ပြန်လည်ခေါ်ဆောင်လာသော မြန်မာနိုင်ငံသားများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့်မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ၊ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့၏ ပြောကြားချက်များကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–



**၁ ။ အမျိုးသမီး**

"လိုင်းပေါ်မှာ လူခေါ်တဲ့ဟာတွေ တွေ့တယ်။ ကျွန်မတို့သွားပြီးတော့ ဆက်သွယ်ကြည့်တော့ ဒီအလုပ်က အလွန်ကောင်းတယ်။ တစ်လကို သိန်း ၄၀ လောက်ရမယ်။ ဘာမှ မလုပ်ရဘူး။ Custumer Service ပေးရုံပဲဆိုပြီး ခေါ်ခဲ့တာ။ ဟိုမှာ တစ်လကို သိန်း ၄၀ လောက်ရတယ်ဆိုပြီးတော့ သွားခဲ့တာပေါ့။ စရောက်တော့ တစ်ရက်လောက်ပေးနားတယ်။ ရောက်တဲ့အချိန်မှာ နင်တို့သုံးတဲ့ Facebook အတိုင်းပဲ။ IG အကောင့်တွေမွေးရတယ်။ ပြီးရင် အဲဒီကနေမှ ရည်ညွှန်းတဲ့ နိုင်ငံကို အင်ဒိုနီးရှားဆို အင်ဒိုနီးရှား ၊ US ဆို US ပေါ့။ ကျွန်မတို့က အင်ဒိုနီးရှားကို လူရှာပြီးတော့မှ Whatup ရဖို့အတွက် ကျွန်မတို့က တောင်းပေးရတာ။ ပြဿနာတွေမဖြစ်ခင်မှာ ကျွန်မတို့က သံရုံးကို တိုင်မယ်ပေ့ါနော်။ သံရုံးကိုတိုင်ပြီးတော့မှ သံရုံးက လာခေါ်ပေးတာကို စောင့်မယ်ဆိုပြီးတော့မှ စီစဉ်ထားကြတာ။ အဲဒီကနေမှ ကမ္ဘောဒီးယားအစိုးရက လိုက်လံဖမ်းဆီးတဲ့အခါမှာတော့ ဖြစ်ချင်တာဖြစ်တော့ သေရင်လည်းသေပါစေ၊ ရှင်ရင်လည်း ငါတို့ မြန်မာပြည်တော့ ရောက်အောင်ပြန်မယ်။ ဘယ်လိုနည်းနဲ့မဆိုပြီးတော့ အဲဒီကနေ ထွက်ပြေးပြီး နီးစပ်ရာ ကမ္ဘောဒီးယားတွေကို မေးပြီးတော့မှ ကားငှားပြီး သံရုံးကို ရောက်အောင်သွားခဲ့တာ။ စရောက်တော့ သံအမတ်ကြီးရော၊ အောက်က အစ်မတွေပါ အလွန်ကို သဘောကောင်းတယ်။ အကုန်လုံးလည်း အစစအရာရာကူညီပေးတယ်။ စားဖို့ သောက်ဖို့ နေဖို့ထိုင်ဖို့ အပြင်မှာတောင်မှ မနေခိုင်းဘဲနဲ့ သံရုံးထဲမှာပဲ နေဖို့ ထိုင်ဖို့တွေ အစစအရာရာ ကျန်းမာရေး အကုန်လုံး ဂရုစိုက်ပေးတယ်။ နေမကောင်းဘူး ဆိုရင်လည်း ဆေးခန်းပြပေးတယ်။ အစားအသောက်ဆိုရင်လည်း သူတို့ စီစဉ်နိုင်သလောက် အကုန်လုံး စီစဉ်ပေးပြီးတော့မှ အားလုံး နွေးနွေးထွေးထွေးနဲ့ ဆက်ဆံပေးတယ်။ အစကနေအဆုံးထိပေ့ါနော်။ ကျွန်မတို့ လေယာဉ်ပေါ်စတက်ကတည်းက လေယာဉ်ပေါ်မှာပါတဲ့ တပ်မတော်က အရာရှိတွေရော၊ စစ်သည်တွေအကုန်လုံး ကျွန်မတို့အပေါ်အကုန်လုံး နွေးနွေးထွေးထွေး ဆက်ဆံကြတယ်။ အစစ အရာရာ ဂရုစိုက်ပေးပြီး ခေါ်လာပေးကာ လေဆိပ်ဆိုက်ပြီးတော့မှ တပ်ဝင်းထဲကို ရောက်တဲ့အချိန်မှာလည်း ထမင်းကျွေးတာကအစ အရာရှိ၊ စစ်သည်တွေက ကျွန်မတို့ကို နှိမ်ချခြင်း၊ ခွဲခြားခြင်းမရှိဘဲ အကောင်းမွန်ဆုံး ဆက်ဆံပေးခဲ့တယ်။ အဲဒီကနေမှတစ်ဆင့် သင်္ဘောပေါ် ရောက်လာတယ်။ သင်္ဘောပေါ်က အရာရှိ၊ စစ်သည်တွေရော အကုန်လုံးက ဂရုတစိုက်နဲ့ ကြိုဆိုပေးတယ်။ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အမှန်အတိုင်းပြောလို့ရှိရင်တော့ ကျွန်မတို့ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ပြီးတော့မှ သွားခဲ့ကြတာ။ အခုလိုဒုက္ခဖြစ်ချိန်မှာ အစစအရာရာ မငြိုမငြင်ဘဲ ကူညီပေးတဲ့အတွက်လည်း စိတ်ထဲမှာ အလွန်ပဲကျေးဇူးတင်မိပါတယ်။ အများကြီးလည်း ဝမ်းသာပါတယ်လို့ ပြောချင်ပါတယ်။"

**၂ ။ အမျိုးသမီး**

"ကမ္ဘောဒီးယားနိုင်ငံကို အလုပ်တွေခေါ်တာတွေ့တာနဲ့ သွားကြည့်မယ်။ အဆင်ပြေရင်လုပ်မယ်။ အဆင်မပြေရင် ပြန်လာခဲ့မယ်ဆိုပြီးတော့ ရောက်သွားတာပေါ့။ တရုတ်လို နည်းနည်းပါးပါး တတ်တယ်ဆိုတော့ စကားပြန်လုပ်မယ်ဆိုပြီးတော့ သွားခဲ့တာ။ အဲဒီကို ရောက်တော့ ရောင်းစားခံလိုက်ရတယ်။ ရောင်းစားခံလိုက်ရပြီး သူတို့ တိုက်ပိတ်ထားတယ်။ ၁၇ ရက်၊ ၁၈ ရက်လောက် တိုက်ပိတ်ထားတယ်။ တိုက်ပိတ်ထားပြီး လက်ထိပ်တွေ ခတ်ထားတယ်။ ၁၂ နာရီတစ်ခါ လာကြည့်တယ်။ ထမင်းကျွေးတယ်။ ပြီးလို့ရှိရင် ပြန်ပိတ်သွားတယ်။ သူတို့ထင်တာ တရုတ်စကား အဲဒီလောက်မရဘူး ထင်လို့ နောက်တစ်နေရာ ပြန်ရောင်းစားဖို့ လုပ်တယ်။ ပြည့်တန်ဆာရုံ ရောင်းစားဖို့ပေါ့။ အဲဒီလိုဆိုတော့ ပြည့်တန်ဆာရုံက လာကြည့်တော့ ခြောက်ထောင်ပဲ ပေးမယ်ဆိုတော့ သူတို့က ပိုက်ဆံအရှုံးခံရမှာဆိုတော့ မရောင်းဘဲနဲ့ ကုမ္ပဏီမှာပဲ အလုပ်လုပ်ဖို့ဆိုပြီးတော့ ထားလိုက်တယ်။ အကောင့်တွေ လော့ဂ်အင် ဝင်ခိုင်းတယ်။ Tiktok၊ We Chat အကောင့်တွေ လော့ဂ်အင်ဝင်ရတယ်။ အဲဒီကနေတစ်ဆင့် သူတို့က လိမ်တာပေါ့။ ရောက်ရောက်ချင်းကို ချော့ပြီးတော့ စာချုပ်တွေ ချုပ်ခိုင်းတယ်။ လက်ဗွေတွေ နှိပ်ခိုင်းတယ်။ အဲဒီလိုမျိုး နှိပ်ခိုင်းတာကျတော့ တကယ်လို့ ကိုယ်တွေက ရဲတိုင်တာဖြစ်ဖြစ်၊ သံရုံးကို တိုင်တာဖြစ်ဖြစ် လာကြည့်တဲ့အချိန် အဲဒီစာချုပ်ကို သူတို့ကထုတ်ပြတယ်။ စာချုပ်ချုပ်ထားတယ်ဆိုတော့ ရဲတွေလည်း ဘာမှမလုပ်နိုင်ဘူး။ မခေါ်သွားနိုင်ဘူး။ အဲဒီလိုမျိုးပုံစံပေါ့။ ကိုယ်က ရောင်းစားခံရတယ်ဆိုတော့ သူတို့ပြောတဲ့အတိုင်း လုပ်ရတယ်။ မလုပ်ရင် ရိုက်တာတွေ၊ ကျဉ်စက်နဲ့တို့တာတွေ လည်းရှိတယ်။ ကြောက်တော့လည်းလုပ်ရတာပေါ့။ မလုပ်လို့ရှိရင် အရိုက်ခံရမှာလေ။ သံရုံးမှာက ထမင်းစားဖို့ရယ် အိပ်ဖို့နေရာတွေ သေချာစီစဉ်ပေးတယ်။ လေယာဉ်လာကြိုမယ်ဆိုတာ သိတယ်။ အဲဒါပြီးရင် တုံးတွေထုပေးပြီး ကတ်တွေလုပ်ပေးတယ်။ အဲဒါပြီးမှ အရင်ရောက်တဲ့သူကို အုပ်စု ၁၊ ၂ ခွဲပြီးတော့ ပြန်ပို့တယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ မဟုတ်လို့ရှိရင် ကိုယ့်အစီအစဉ်နဲ့ဆိုရင်တော့ အိမ်ပြန်ရောက်မှာ မဟုတ်တော့ဘူး။ ကိုယ့်နိုင်ငံကို ပြန်ရောက်မှာ မဟုတ်တော့ဘူး။"





**၃ ။ လဝက ဝန်ထမ်း**

"သန်လျင်၊ ကျောက်တန်း၊ ခရမ်း သုံးခု စတဲ့ မြို့နယ်ရုံးတွေကနေ ကျွန်တော်တို့ လဝကတွေအနေနဲ့ နာမည်စာရင်း ကောက်ဖို့အတွက် တာဝန်ပေးခြင်း ခံရတဲ့အတွက်ကြောင့် ဒီနေရာမှာ လာပြီးတော့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ သန်လျင်ခရိုင်မှာရှိတဲ့ လဝကရယ်၊ အလုပ်သမားဦးစီးဌာနရယ်က တော့ နာမည်စာရင်းကောက်ယူရေးပေါ့။ ပြီးတော့ သက်ဆိုင်ရာဌာနတွေလည်း အသီးသီးပေါ့။ သူတို့ရဲ့ ကျရာတာဝန်အခန်းကဏ္ဍတွေကိုတာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ အနေနဲ့ နိုင်ငံခြားကို အလုပ်သွားလုပ်မယ်ဆိုရင် တရားဝင် လမ်းကြောင်းတွေကနေ သွားကြရင်တော့ ပိုပြီးတော့ အဆင်ပြေပါတယ်ခင်ဗျ။ အခုလိုမျိုး တရားမဝင်သွားတယ်ဆိုရင် ဥပဒေလမ်းကြောင်းအရလည်း ကာကွယ်မှုမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ နိုင်ငံခြားကို ထွက်လည်တာပဲဖြစ်ဖြစ်၊ အလုပ်သွားလုပ်တာပဲဖြစ်ဖြစ် နိုင်ငံတော်ကနေ သတ်မှတ်ထားတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းတွေ ကြားထဲကနေပဲ သွားကြဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။"

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘောဒီးယား နိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟု သံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများ အနက် ဇန်နဝါရီ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)ဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို လည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း (MAI)ဖြင့် ၅၀၊ တပ်မတော်လေယာဉ်များဖြင့် ၃၈၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် တပ်မတော်လေယာဉ်များဖြင့် ၁၆၃ ဦးကို လည်းကောင်း အသီးသီးခေါ်ဆောင်ပေးခဲ့ပြီး စုစုပေါင်းမြန်မာနိုင်ငံသား ၇၂၉ ဦးကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**KING MAKER အိမ်ခြံမြေအကျိုးဆောင်**
**(09-43021001)**

**စိန္တကျော်သူ ဦးဩလမ်း၊ (၄၈)ရပ်ကွက်၊ မ/ဒဂုံ(U9) 3RC။**
**(၈၀' x ၆၀') ဂရံအမည်ပေါက်၊ ထောင့်ကွက်၊ သိန်း (၂၇၀၀၀)။**

**ကောက်သွယ်(၂)လမ်း၊ သုဝဏ္ဏ (VIP 2)။**
**(၅၇' x ၄၅') ဂရံအမည်ပေါက်၊ ထောင့်ကွက် ၊ သိန်း (၁၈၀၀၀)။**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၂၀/က)ရပ်ကွက်၊ လှိုင်စပါယ်လမ်း၊ အမှတ်(၇၂/က)ဟု မှတ်သားတည်ရှိသော ဦးမူသူးကာရပန်(TPN-၀၂၄၇၄၂)အမည်ပေါက် ပေ(၂၀x၆၀)ဂရန်မြေကွက်အနက်မှ အမှတ်(၇၃/ခ)နှင့် ကပ်လျက်ရှိသည့် ပေ(၁၀x၆၀) မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ဇင်မာလွင် [၁၂/ဥကတ(နိုင်)၁၃၉၄၉၈]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသော စာမှတ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဘုန်းပြည့်ကျော်**
**[၁၂/ဒဂတ(နိုင်)၁၃၁၁၂၆]**
**အမှတ်(၂၆/ခ)၊ အောင်သိဒ္ဓိ(၁)လမ်း၊ ၂၀-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၂၇**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈၃)၊ ဇီဇဝါ(၃) လမ်း၊ (၂၆)ရပ်ကွက်တွင် တည်ရှိဖွင့်လှစ်ထားသော ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်နိုင်ဦးပိုင် ကုမ္ပဏီဖြစ်သော NICE WAY GENERAL SERVICES CO.,LTD. (လိုင်စင်ရပြည်ပအကျိုးဆောင်)ကုမ္ပဏီအား ၁၉-၅-၂၀၁၁ ရက်နေ့တွင် ဖွဲ့စည်းဖွင့်လှစ်တည်ထောင်ထားသော Managing Director တစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေပိုင်ကုမ္ပဏီတွင် Director အဖွဲ့ဝင်များဖြစ်ကြသူ (၁) ဒေါ်ခက်ခက်ဇော်၊ (၂) ဒေါ်စုစုလှိုင်၊ (၃) ဦးလှဖုန်းနိုင်၊ (၄) ဦးတင်လှိုင်တို့ ပါဝင်ကြပြီး ၎င်းတို့နှင့်အတူ ဖွဲ့စည်းထားသော မိသားစုပိုင်ကုမ္ပဏီဖြစ်ပါသည်။

Nice way
Oversea Employment Agency
(07-2013)

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေအပါအဝင် ဒါရိုက်တာအဖွဲ့ဝင် (၅)ဦးဖြင့် ဖွဲ့စည်းတည်ထောင်ထားသော NICE WAY GENERAL SERVICES CO.,LTD. (လိုင်စင်ရပြည်ပအကျိုးဆောင်)ကုမ္ပဏီအား ကျွန်တော် ဒါရိုက်တာအဖွဲ့ဝင် (၅)ဦးမှလွဲ၍ အခြားဒါရိုက်တာအမည်စာရင်းမပါဝင်သော မည်သူမဆို ကုမ္ပဏီ၏ Letter Head ကိုသော်လည်းကောင်း၊ Co.,Ltd.၏ Logo ကိုသော်လည်းကောင်း၊ Co.,Ltd.၏ Name ကိုသော် လည်းကောင်း၊ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ Co.,Ltd.နှင့်ပတ်သက်သော မည်သည့်အကြောင်းတစ်စုံတစ်ရာကိုမဆို အလားတူ ပုံပန်းသဏ္ဌာန်ပြုလုပ်၍ အလွဲသုံးစားပြုလုပ်နေကြောင်း တွေ့မြင်ကြားသိ သိရှိခဲ့ပါက မည်သူမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဇော်နိုင်ဦး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းယုယုမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၂၁)**
**အမှတ်(၉၃)၊ ၄၀လမ်း၊ ဌာနာရပ်ကွက်၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၃၁၉၇၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၁၀

ဦးမိုးကျော်သူဆွေ — နှင့် — ဒေါ်လုံးချစ်
**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး(၁)လမ်း၊ အမှတ်(၃၈)နေ တရားပြိုင်ဒေါ်လုံးချစ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## အမည်မှန်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မြို့မရပ်ကွက်၊ တောင်ပိုင်းလမ်း နေထိုင်သူ (ဘ) ဦးပရင်းကူမားရ်၏သားဖြစ်သူ ကျွန်တော် မောင်ဆန်နီကူမားရ်၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပါအမည်မှာ မောင်ဆန်နီကူမားရ်ဖြစ်ပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဝေးသင်တက္ကသိုလ် မှတ်ပုံတင်ကတ်တွင် မောင်ဆန်နီကူးမားဟုဖြစ်နေသည့်အတွက် အမည်နှစ်ခုအနက်မှ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပါ အမည် မောင်ဆန်နီကူမားရ်သည် နာမည်အမှန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကံ့ကော်လမ်း၊ ကျောင်းကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်မြေကွက်အမှတ်(၅၃)၊ ၄၅၉(ခ)၊ အလျား(၂၀)ပေx အနံ(၆၀)ပေ ကျယ်ဝန်းသော (ပါမစ်မြေကွက်)နှင့် (၄)ခန်းတွဲ၊ ကျောကပ်အဆောက်အအုံ(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်တွင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ချောမြင့်မြင့်အောင် [၁၂/ဒဂမ(နိုင်)၀၁၅၈၁၁]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိမ့်သက်သက်ခင် LL.B, LL.M, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၈၂၂)**
**အမှတ်-၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၈၆၅၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)မိုးမခလမ်း၊ မြေကွက်အမှတ် (၉၂/က)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဒေါ်စီစီမိုးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်စီစီမိုး [၁၃/တကန(နိုင်)၂၀၃၆၈၀] မှ မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်ခိုင်အေးအေးဝင့်**
**[၈/မထန(နိုင်)၀၂၉၇၃၃]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖွန်မေဒေး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေကွက်အမှတ်-(၁၂၈၄-၁၂၈၅)၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ လူနေရပ်ကွက်အမှတ်-ကျန်စစ်သား၊ (အလျား-၅၀ပေxအနံ-၅၅ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် လက်ရှိထားပိုင်ဆိုင်သူ ဦးလောလူ [၁၃/လခန(နိုင်)၀၂၁၀၂၄]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအားစိုက်[၁၃/တယန(နိုင်) ၀၂၆၃၇၇]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောအောင်ထက်မိုးဦး(LL.B, DBL)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၂၇၃)**
**အမှတ်-၄၃/ဘီ(၁)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ (၆/၁၄)ရပ်ကွက်၊ တောင်ငူလမ်းသွယ်(၄)လမ်း၊ မြေကွက်အမှတ် (၁၈/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၂x၆၀)ပေရှိ ဦးမြင့်အောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်အမှတ် (၁၈/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၃x၆၀)ပေရှိ ဦးလှရွှေအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်အောင် [၁၂/ရပသ(နိုင်)၀၂၄၁၈၅]မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ခင် [၁၂/ရပသ (နိုင်)၀၃၃၀၀၁]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ခင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ဖြူဝေဝေအောင်** | **ဒေါ်သိမ့်သန္တာအောင်** | **ဒေါ်ယမင်းဖြူဖြူသိန်း** |
| **(LL.B)** | **(LL.B)** | **[LL.B (Q)]** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၈၂၅၀)** | **(စဉ်-၄၈၂၂၉)** | **(စဉ်-၅၇၀၅၃)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၄၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၉၃၃)၊ ဗိုလ်နေဝင်းလမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ **ဦးတင်ငြိမ်း** (DN-၀၁၁၀၈၅)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးကျော်ခန့်နိုင်** [၁၂/ဒဂတ(နိုင်)၀၈၂၅၉၉]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးဟိန်းထက်ဇော်**[၁၂/တမန(နိုင်)၁၁၂၂၆၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းထက်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊**
**၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-က၊ ဝေဘာဂီလမ်း၊ မြေကွက်အမှတ်- ၁၃ ၃/၂၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးလှရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးလှရွှေနှင့် ဇနီး ဒေါ်ဒေါ်ခင်ရင်တို့ ကွယ်လွန်ခဲ့ ပြီး ရောင်းချသူသားသမီးများဖြစ်သော ဒေါ်အေးအေးဆင့် [၁၂/ဥကမ(နိုင်)၀၄၄၆၆၀]၊ ဒေါ်လှကြည်[၁၂/ဥကမ(နိုင်) ၁၁၆၃၃၇]၊ ဒေါ်မြကြည် [၁၂/ဥကမ(နိုင်)၀၄၄၇၉၁]၊ ဦးအောင်မြင့် [၁၂/ဥကမ(နိုင်)၁၁၆၃၃၈]၊ ဦးအောင်လွင်ဦး [၁၂/ဥကမ(နိုင်)၁၂၈၉၉၃]၊ ဦးချစ်ကိုကို [၁၃/မဖန(နိုင်)၀၀၆၀၃၃]၊ ဒေါ်လှလှရီ [၁၂/ဥကမ(နိုင်)၁၂၉၇၇၁] တို့မှ အမွေဆက်ခံပိုင်ဆိုင်ထားကြောင်း ဝန်ခံကတိပြုရောင်းချခြင်းအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်ကိုကိုမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြတ်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှအေး LL.B (တရားလွှတ်တော်ရှေ့နေ) (စဉ်- ၁၁၁၄၃)**
**အမှတ် (၈၅/ခ)၊ ခေမာ(၅)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉- ၄၂၀၂၅၀၈၈၇၊ ၀၉- ၄၂၀၂၇၆၆၈၉**

## ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၄-တိုးချဲ့)-ရပ်ကွက်၊ သစ္စာလမ်း အမှတ်- ၈/၈၊ (၄၀x၆၀)ပေရှိ ဦးရဲထွဏ်း အမည်ပေါက်ထွက်ရှိထားသည့် အိမ်မြေနှင့်စပ်လျဉ်းပြီး ဦးလှမင်းထိုက်နှင့် အများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ(မိခင်)ဒေါ်ဇင်မေထွန်းသည် ပြည်ပတွင် ခေတ္တနေထိုင်စဉ် မြန်မာနိုင်ငံရှိ(သားကြီးဖြစ်သူ)မောင်လှမင်းထိုက်၏ အမည်ဖြင့် လက်မှတ်ရေးထိုး ဝယ်ယူပေးထားရန်နှင့် ယင်းမြေကွက်ပေါ်တွင် နေအိမ်ဆောက်လုပ်စေရန်အတွက် အထောက်အထားနှင့်တကွ ၎င်းထံ ငွေလွှဲပေးပို့စေလျက် တာဝန်ခံကာ ဆောက်လုပ်ထိန်းသိမ်းစေခဲ့သော အိမ်မြေဖြစ်ပါသည်။

ထို့ပြင်(သား)မောင်လှမင်းထိုက်မှ (မိခင်)ဒေါ်ဇင်မေထွန်းသို့ အိမ်ခြံမြေအပြီးအပိုင်လွှဲပြောင်းခြင်းစာချုပ်ဖြင့် အသိသက်သေများရှေ့တွင် လက်ရောက်ပြန်လည်လွှဲပြောင်းပေးအပ်ပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အမည်ပေါက်ဦးရဲထွဏ်း ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသော ဒေါ်ဇင်မေထွန်း [၁၂/အစန(နိုင်)၀၁၈၇၃၁] သိရှိခြင်းမရှိဘဲ ယင်းအိမ်မြေအားမည်သူမျှ လွှဲပြောင်း၊ လက်ခံ၊ ရောင်းချ၊ ဝယ်ယူ၊ ငှားရမ်း၊ ပေးကမ်း၊ ဝင်ရောက်နေထိုင်ခြင်းမပြုပါရန်နှင့် ပြုလုပ်ပါက ဆုံးရှုံးနစ်နာလိမ့်မည်ဖြစ်ကြောင်း၊ ဒေါ်ဇင်မေထွန်းအနေဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သင်းသင်းမော် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၈)**
**အမှတ်(၂၅၉/ခ)၊ ရွှေဘုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း – ၀၉-၄၂၀၇၄၅၈၈၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (၅၂)လမ်း၊ အမှတ်(၁၄/၁၆/၁၈) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ အမှတ်(၁၈)မှ ဒုတိယထပ်(၃-လွှာ)၊ ဘယ်ဘက် (ခြေရင်း)၊ ဧရိယာ(၂၅ ပေ x ၅၈ ပေ) အကျယ်အဝန်းရှိ ရေမီးအပြည့်အစုံပါ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကန်ထရိုက်တာဖြစ်သူ ဦးမြဒွေး[၁၂/ပဇတ(နိုင်)၀၀၅၆၂၆]ထံမှ လွှန်ခဲ့သော ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ပါ "တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဦးစိုးမင်း[၁၂/သလန(နိုင်) ၀၇၂၂၉၉]မှ ဝယ်ယူပိုင်ဆိုင်ကာ အကျိုးခံစားလျက်ရှိပြီး အဆိုပါ ဒုတိယထပ် (၃-လွှာ)၊ ဘယ်ဘက် (ခြေရင်း)တိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမာမတ်အာနော်[၁၁/မတန(ပြု)၀၀၂၇၂၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေအဖြစ် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့် ပတ်သက်သော ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမာမတ်အာနော်**
**[၁၁/မတန(ပြု)၀၀၂၇၂၄]**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်မျိုးခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၁)**
**ဖုန်း-၀၉-၂၅၂၄၁၉၄၉၃**

**မြေကွက်များဝယ်ယူလိုပါသည်**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)**
အိမ်အရောက်ငွေပေးချေသည်၊
ပွဲခပေးရန်မလိုပါ
**Ph: 09-770287930**
**ရှာန်** အိမ်ခြံမြေ

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

(ဘ) ဦးတင်မောင်၏ သား ဦးသိန်းဦး [၁၂/ဥကတ(နိုင်)၀၂၂၃၃၄]၏ နိုင်ငံကူးလက်မှတ်-PV MB-090754သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၄၃၅၂၉၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၄၄)၊ ၁၁၃x၁၁၄ လမ်းကြား၊ ၄၆x၄၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဟန်ရင်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၃၅၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာအောင် [၉/မရတ(နိုင်)၀၂၇၁၆၆]က အမှုတွဲအမှတ် (၄၉၉၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄ သမိုင်း၊ မြေကွက်အမှတ်-၈၊ ဧရိယာ(၃.၂၈၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၃၁)၊ ဝိဇ္ဇာလမ်းသွယ်(၇)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးဘသိန်းနှင့် ၅၅ ဦး) အမည်ပေါက် B-N/န-၃၉ (အိမ်ရာမြေအဖြစ် အသုံးပြုရန်) မြေကွက်၏ အစိတ်အပိုင်း(၃၉ ပေx ၅၉ ပေ)ရှိ မြေကွက်အား မရမ်းကုန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၇/၂၀၂၂ (၂၄-၆-၂၀၂၂) တရားမဒေါရီမှုအမှတ်-၈/၂၀၂၂(၂၇-၇-၂၀၂၂)၊ အရောင်းအဝယ်စာချုပ် - ၁၀၂၀၅ /၂၀၂၄ (၁၀-၁၂-၂၀၂၄)တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်စိုးစိုးလွင် [၁၂/လမန(နိုင်) ၀၈၉၃၄၈]က တရားရုံးအနိုင် ဒီကရီ အထောက်အထား၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တစ်ဖက်သတ်မြေတိုင်းတာပေးပါရန် မြေကွက်ခွဲစိတ်ခွင့်ပြုပါရန်နှင့် ပေါ်ပေါက်လာသည့် ပြဿနာများကို တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၂၇-၈-၂၀၂၅ ရက်စွဲပါ ဝန်ခံကတိပြုစာတို့ကို တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| က | စာရင်းကိုင်(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | စီးပွားရေးဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။ | ၂ နေရာ ကျား/မ |
| ခ | အငယ်တန်းအင်ဂျင်နီယာ(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | အင်ဂျင်နီယာဘွဲ့(သို့မဟုတ်) နည်းပညာဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။ | ၂ နေရာ ကျား/မ |
| ဂ | ဒုတိယဦးစီးမှူး<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | အင်ဂျင်နီယာဘွဲ့(သို့မဟုတ်) နည်းပညာဘွဲ့(သို့မဟုတ်) ကွန်ပျူတာဘွဲ့(သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ | ၁၅ နေရာ ကျား/မ |
| ဃ | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ | ၅ နေရာ ကျား/မ |
| င | စာရင်းကိုင်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ | ၃ နေရာ ကျား/မ |
| စ | ပစ္စည်းထိန်း(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ | ၂ နေရာ ကျား/မ |
| ဆ | ကျွမ်းကျင်(၄) (စက်မှု)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | အင်ဂျင်နီယာဘွဲ့(သို့မဟုတ် နည်းပညာဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။ | ၂ နေရာ ကျား/မ |
| ဇ | ဒု-လက်ထောက်ဦးစီးမှူး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။ | ၁၈ နေရာ ကျား/မ |
| ဈ | လုံခြုံရေး(၅)<br>၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်း အဆင့်ရှိသူဖြစ်ရမည်။ | ၂ နေရာ ကျား |
| ည | သန့်ရှင်းရေးအကူ<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာအလယ်တန်းအထိ တက်ရောက်ခဲ့ပြီးသူဖြစ်ရမည်။ | ၂ နေရာ ကျား/ မ |

၂။ လစ်လပ်ရာထူးနေရာများအတွက် အောက်ပါအချက်အလက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူများသည် ၃၁-၁-၂၀၂၆ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်လွန်သူ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဃ) အမှတ်စဉ်(က)မှ (ဇ)အထိ ရာထူးတို့အတွက် ကွန်ပျူတာနှင့်အင်္ဂလိပ်စာ အခြေခံတတ်ကျွမ်းရမည်။

(င) ရွေးချယ်ခြင်းခံရသူများသည် ဤဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် အမှုထမ်း ဆောင်နိုင်ကြောင်းနှင့် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက ဌာနမှသတ်မှတ်ထားသည့် လျော်ကြေးငွေကိုတစ်လုံးတစ်ခဲတည်းပေး လျော်မည်ဖြစ်ကြောင်း ကိုယ်တိုင်ရေးဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့် ထားခြင်း အမိန့်စာမှပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာပုံစံများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website ဖြစ်သော www. motc.gov.mm တွင် Download ရယူနိုင်ပါသည်။ **(လျှောက်လွှာ ရောင်းချခြင်း/ထုတ်ပေးခြင်းမပြုပါ)** လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက် အလက်များ ပြည့်စုံစွာပါရှိရမည် -

(က) ပညာအရည်အချင်းအထောက်အထားမိတ္တူမှန်။ (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်မူရင်း တင်ပြနိုင်ရမည်။)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ။

(ဃ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ထောက်ခံစာမူရင်း။ (တစ်လအတွင်း)

(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ မူရင်း။ (တစ်လအတွင်း)

(စ) တစ်လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ။ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးရမည်။)

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ။ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင် ရမည်။ အလုပ်သမားရုံးအမည် ပါဝင်ရမည်။)

(ဇ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးစစ်ဆေးချက်မူရင်းပါဝင်ရမည်။

(ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာန ဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

(ည) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးခြင်းမရှိကြောင်း နှင့် အပြစ်ပေးအရေးယူခံရခြင်းမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်။

(ဋ) စာမေးပွဲဝင်ကြေးငွေ ကျပ် ၂၀၀၀/- ပေးသွင်းထားသည့် ချလန်မူရင်း။

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၂၀၀၀/- ကို နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-013318 သို့ ပေးသွင်းရမည်။

၅။ လျှောက်လွှာများ တင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်စာ တပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ ၁၈ - ၂ -၂၀၂၆ ရက်နေ့ (ရုံးချိန်အတွင်း) အရောက်ပေးပို့လျှောက်ထားရမည်။

၆။ သတ်မှတ်ထားသည့် စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ် ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ လျှောက်ထားသူများအနေဖြင့် ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များကို ၂ နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေ စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆို ခွင့်ကတ်ပြားထုတ်ယူရမည့် နေ့ ရက်နှင့် ကျင်းပမည့် နေ့ ရက်၊ အချိန်၊ နေရာ၊ စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်စာရင်းနှင့် ရေးဖြေစာမေးပွဲ အောင်မြင် သူများ၏ အမည်စာရင်းများအား အထက်ပါ အင်တာနက်စာမျက်နှာတွင် ကြိုတင် ကြေညာပေးသွားမည် ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန(စီမံ)၊ ဖုန်းနံပါတ် - ၀၆၇-၃၄၀၇၇၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

---

## ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး
## သတ္တမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်
## လုပ်ငန်းတင်ဒါကြော်ငြာ

ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ၂၀၂၅/၂၀၂၆ ခုနှစ် သတ္တမအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူရေး ဘဏ္ဍာတော်ထိန်းဂေါပက၏ တင်ဒါစည်းကမ်း ချက်များနှင့်အညီ ဆောင်ရွက်သွားမည့် အောက်ဖော်ပြပါ လုပ်ငန်းအား ဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

| လုပ်ငန်းအမည် | လျှောက်လွှာစတင် ရောင်းချမည့်နေ့ | လျှောက်လွှာနောက်ဆုံး တင်ရမည့်နေ့ |
|---|---|---|
| ရွှေဆေး (တင်ဒါ) | ၂၈-၁-၂၀၂၆ | ၅-၂-၂၀၂၆ |

၁။ တင်ဒါအား (၇-၂-၂၀၂၆)ရက်နေ့တွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်။

၂။ ရွှေဆေးတင်ဒါလုပ်ငန်းအား လုပ်အားလက်ခစားဖြင့် ဆောင်ရွက်မည်။

၃။ ရွှေဆေးကပ်မည့် ဧရိယာ(၆၀၀)ကျင်းအနက် တစ်ဖွဲ့လျှင်(၁၅၀)ကျင်းနှုန်းဖြင့် အဖွဲ့(၄) ဖွဲ့အား တင်ဒါချပေးမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများအား ဂေါပကအဖွဲ့(ရုံးအဖွဲ့)တွင် ဝယ်ယူနိုင်ပါသည်။

၅။ အခြားသိလိုသောအချက်များအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဖုန်းနံပါတ်-၀၉-၄၂၁၃၃၂၂၃၆၊ ၀၉-၄၂၁၃၃၂၂၃၇၊ ၀၉-၄၂၁၃၃၂၂၃၈၊ ၀၉-၇၉၂၃၃၀၂၆၆

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်**

---

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၂၇၆/စ)တွင် ဆောက်လုပ်ထားသည့် စကားဝါကွန်ဒို ရှိ အခန်းအမှတ်(1-A )၊ အခန်းအလွှာ (Level - 1 )၊ အကျယ်အဝန်း(၁၃၃၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်နိုင်ဆွေ[၁၄/ခနဖ(နိုင်)၁၂၄၈၆၃]နှင့် ဒေါ်ယဉ်ယဉ်ထွေး[၁၄/ခနဖ (နိုင်)၀၈၆၆၇၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သက်ဆုလွင်မောင် ( LL.B )** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၆၄)**
**ဒေါ်မေမီစော ( LL.B )** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၆၃)**
**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၀၉၈၉၃၊ ၀၉-၄၂၃၇၂၄၈၂၄**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ နေခြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၄၄၈)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၄၄၇)နှင့် ကပ်လျက်ရှိသော အကျယ်အဝန်း(အလျား ၂၀ပေx အနံ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးဉာဏ်ရှိန် အမည်ဖြင့် အမည်ပေါက်ထားပြီးငင်းထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူလက်ရှိ ပိုင်ဆိုင် ထားပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ကြီး[၁၂/ရကန(နိုင်)၀၁၃၅၈၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူရန် အတွက် မြေနှင့် အိမ်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြလှဲ့ဝင်း(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)**
**ဒေါ်အေးအေးသိန်း(B.A, PGDL)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)**
**ဒေါ်စန်းမြသက်(B.Sc, PGDL)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)**
**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၈၆)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၇)ထပ်တိုက်၏ တတိယထပ်၊ (၄-လွှာ/အေ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ( ၁၆x၆၄ )ပေရှိ RC တိုက်ခန်း (တစ်) ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထား၍ ယခု ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းစံနွန်း ကျော[၁၃/ကတန (နိုင်)၀၀၈၄၈၁]အား ကျွန်ုပ်၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၀)၊ မြေကွက်အမှတ်(၈၃၅/က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ဧရိယာ(၀.၀၂၇)ဧကရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဒေါ်ဇင်မင်းထိုက်[၁၂/ဥကတနိုင်) ၁၅၆၆၅၆]အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက် ပေါ်ရှိအမှတ်(၈၃၅/က)၊ မင်းရဲကောင်းပုံလမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ၎င်း အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးသက်ပိုင်ထူး[၁၀/မလမ(နိုင်)၁၈၇၀၁၈]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသွင်[၈/မလန(နိုင်)၀၉၀၅၀၈]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သင်းစုမွန် (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၂၁)**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉၉**

---

## အမည်မှန်ဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မြို့မရပ်ကွက်၊ တောင်ပိုင်းလမ်း နေထိုင်သူ (ဘ)ဦးပရင်းကူမားရ် ၏သမီးဖြစ်သူ ကျွန်မ မဒီဘီယာ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပါ အမည်မှာ မဒီဘီယာ ဖြစ်ပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဝေးသင်တက္ကသိုလ် မှတ်ပုံတင် ကတ်တွင် မဒီဘီယာကူမာရီ ဟု ဖြစ်နေသည့် အတွက် အမည်နှစ်ခုအနက်မှ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပါ အမည် မဒီဘီယာ သည် နာမည်အမှန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

---

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ) လှူနေရပ်ကွက်အမှတ်-(ဂ)၊ မြေကွက်အမှတ်-၅၅၉၊ အကျယ်အဝန်း( အလျား ၄၀' × အနံ ၆၀')ဧရိယာ(၂၄၀၀)စတုရန်းပေရှိ ဦးထွန်းမြင့်ဦး (၉/အမဇ(နိုင်) ၀၂၁၅၅၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား မြေအမည်ပေါက်မှ တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အေးအေးမူ(စဉ်-၈၂၂၃) (၁၀-၅-၂၀၁၂)
LL.B, D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ
တိုက်-၉/၁၁၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၁၃၉၉၁

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၈၊ မြေကွက်အမှတ်(၂)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော အောင်ကောင်းကျော်(မြခွာညို)ကုမ္ပဏီထံမှ ဝယ်ယူထားသူ ဒေါ်အိအိခိုင်[၉/မထလ(နိုင်)၁၀၈၅၂၆]က ၎င်းအမည်ဖြင့် မြေငှား စာချုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ကွင်းအမှတ်-၅၂၆၊ ဦးပိုင်အမှတ်(၆၇/က )၊ (၆၇/ခ)၊ (၆၉)ဟု ခေါ်တွင်သည် ဘိုးဘ ဂရန်မြေကွက်များဖြစ်ပြီး၊ အမှတ်(၈၁)၊ ၈၃လမ်း ၊ ၃၈x၃၉ကြား၊ အိုးဘိုရပ်ကွက်၊ မဟာအောင်မြေမြို့နယ်ရှိ အဆိုပါမြေကွက် (၃)ကွက်၏ ဧရိယာမှာ(၀.၁၄၅၇)၊ (၀.၀၈၄၂)၊ (၀.၀၇၄၁)ဧက (ပေအားဖြင့် ခန့်မှန်း အကျယ်အဝန်းမှာ-မျက်နှာစာ- ၁၀၀ပေxအရှည်- ၁၅၀ ပေ)ရှိသော အိမ်ခြံမြေနှင့် မြေပေါ် မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် အမည်ပေါက် ပိုင်ဆိုင်သည့် ဒေါ်ခင်ခင်လေး[၁၂/မဂတ(နိုင်)၀၃၀၀၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်သဇင်နွယ်[၁၂/လမန(နိုင်)၁၄၇၅၅၃]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်း အပြည့်အစုံဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းထက် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၁၈၈၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F) ပထမထပ်၊ ၃၅-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်-၃၁၄၊ ဦးပိုင်အမှတ်(၁၃-ဃ+၁၃-စ+၁၅-က+၁၅-ခ)၊ ၃၂x၃၃ကြား၊ ၉၀စီလမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဇော်ဇော် ထိုက်[၉/မနတ(နိုင်)၀၀၀၀၈၇]၊ ဒေါ်ယဉ်မွန်အောင်[၉/မရမ(နိုင်)၀၀၄၀၇၃] တို့က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး

## ဒေါ်စန်းစန်း

(ရွှေနေချုပ်ရုံး-ငြိမ်း)

## အသက်(၈၆)နှစ်

ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ (၁/၃၀၁)နေ (ရွှေပန်းထိမ်ဆရာကြီး ဦးမောင်သန်း-ဒေါ်အမာ)တို့၏ သမီးလတ်၊ (ဆရာကြီးဦးအောင်သိန်း-ဒေါ်တင်နု)တို့၏ ညီမ၊ ဒေါ်ခင်သန်းနွဲ့၏ အစ်မ ဒေါ်စန်းစန်းသည် ၃-၁-၂၀၂၆ (စနေနေ့) ညနေတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၄-၁-၂၀၂၆ (တနင်္ဂနွေနေ့) တွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

## ဒေါ်သန်းသန်းမြင့် (မော်လမြိုင်)

## အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄လမ်း၊ အမှတ်(၈၁)နေ (ဦးစံရွှေ-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးအေးမောင်-ဒေါ်လှမြ)တို့၏သမီးချွေးမ၊ (ဦးစစ်လွင်)-ဒေါ်အုန်းမြင့်၊ ဦးဝင်းရီ-(ဒေါ်ရွှေစန်း)၊ ဦးစိန်အောင်မင်း-ဒေါ်မြင့်ကြည်၊ (ဦးမျိုးဆွေ)၊ ဦးကျော်ကျော်လှိုင်-ဒေါ်ကြည်ကြည်မော်တို့၏အစ်မ၊ ဦးဝင်းဇော်-ဒေါ်နွယ်နွယ်ချို၊ (ဦးနေလင်း-ဒေါ်အေးအေးသန်း) တို့၏မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ် လေးယောက်တို့၏ အဘွား၊ ဦးကျော်မင်း [မော်လမြိုင်အသင်း(ရန်ကုန်)ဘဏ္ဍာရေးမှူး]၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်သန်းသန်းမြင့် သည် ၂၈-၁-၂၀၂၆ ရက်နံနက် ၄:၀၆ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၀-၁-၂၀၂၆ရက် (သောကြာနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၂၆ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်နေ့ဆွမ်းကပ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ ကျောင်း အလှူ့ဒါယိကာမကြီး

## ဒေါ်စိန်စိန်ဝင်း

## အသက်(၇၆)နှစ်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အငြိမ်းစားအတွင်းဝန် ဦးမောင်မောင်ကျော်-ဒေါ်ဖြူဖြူမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ရန်ကုန်မြို့နေ ဒေါ်စိန်စိန်ဝင်း (၇၆)နှစ်သည် ၂၇-၁-၂၀၂၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၉)လမ်း၊ အမှတ်(၄၅/A)၊ (၃)ထပ်အဆောက်အဦရှိ ပထမထပ်(မှန်ခန်း)၊ အကျယ်အဝန်း အလျား(၁၂)ပေ x အနံ(၅၀)ပေ တိုက်ခန်း၏ ပိုင်ဆိုင်ခွင့် အကျိုးခံစားမှု အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ဇာဖြူသဲထွန်း [၁၂/လကန(နိုင်)၁၈၄၉၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပသိန်း [ LL.B, D.B.L, D.I.L]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၇၅)**
**အမှတ်(၁၇၆၄)၊ ရွှေဂန္ဓာလမ်း၊ (၂၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၈၉၂၄၄၂၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/မြို့မအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၀၂၄၂)ကို အမည်ပေါက် ဒေါ်ဝင်းဝင်းကြည် (ဘ)ဦးစိန်ညွန့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/စခန(နိုင်)၀၁၄၃၀၃]မှ ဦးသန်းထွန်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၃/ကလန(နိုင်)၀၅၈၅၄၂]၊ ဒေါ်မေအေး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/မဘန(နိုင်)၀၀၉၃၂၈]နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

## ဦးအောင်ထွေး

စာရေးဆရာ-အောင် (လွန်ဆေး)

အမှုဆောင်ဒါရိုက်တာ၊ ထူးကုမ္ပဏီများအုပ်စု

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ ကကဝယ်

## အသက်(၇၉)နှစ်

မြန်အောင်မြို့၊ လက်ပံရပ်နေ (ဦးမောင်ချစ်-ဒေါ်နု)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးကျော်အေးမောင်-ဒေါ်အေးမြ)တို့၏ သားသမက်၊ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မနုလှိုင်ဝင်း- ဒေါက်တာမျိုးရာဇာတို့၏ ကျေးဇူးရှင်ဖခင်၊ မခင်မဒီကျော်(ခ)ကစ်ကစ်၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၈-၁-၂၀၂၆ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၀-၁-၂၀၂၆ (သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၂၆ရက်(အင်္ဂါနေ့)တွင် ခြံအမှတ်-၂၃၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာ၊ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် ကျန်ရစ်သူမိသားစု မှ ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းအေး

မိုး/ဇလ(ညွှန်ကြားရေးမှူး-ငြိမ်း)

## အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်း၊ အိမ်အမှတ်(၃၅၅)၊၂ လမ်း(တောင်)နေ (ဦးကျော်ထွန်း-ဒေါ်ကျော့စိန်)တို့၏သား၊ ဦးထွန်းစိန်(ခ)ဦးညီညီ-ဒေါ်တင်တင်ရီ၊ ဒေါ်ဌေးဌေးသန်း-ဦးမျိုးဝင်း၊ (ဦးအေးကျော်)၊ ဒေါ်သန်းသန်းဌေး- ဦးသန်းစိုးတို့၏ အစ်ကို၊ ဒေါ်မေဝတ်ရည်-ဦးခွန်သိန်းစိုး၊ ဦးစည်သူထွန်း- ဒေါ်နန်းမိုင်ဘောက်၊ ဦးစည်ဖြိုးထွန်း-ဒေါ်ပုန်းညက်ခိုင်တို့၏ ဖခင်၊ တူ လေးယောက်တို့၏ ဘကြီး၊ မြေး ငါးယောက်တို့၏ အဘိုး၊ ဒေါ်ခင်စန်းရီ ၏ ချစ်လှစွာသော ခင်ပွန်း ဦးထွန်းအေး [မိုး/ဇလ (ညွှန်ကြားရေးမှူး - ငြိမ်း)]၊ အသက်(၇၅)နှစ်သည် ၂၇-၁-၂၀၂၆(အင်္ဂါနေ့) ညနေ ၅:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၉-၁-၂၀၂၆(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ ကျောင်း အလှူ့ဒါယိကာမကြီး

## ဒေါ်စိန်စိန်ဝင်း

## အသက်(၇၆)နှစ်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အငြိမ်းစားအတွင်းဝန် ဦးမောင်မောင်ကျော်-ဒေါ်ဖြူဖြူမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ရန်ကုန်မြို့နေ ဒေါ်စိန်စိန်ဝင်း (၇၆)နှစ်သည် ၂၇-၁-၂၀၂၆(အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**
**(ရန်ကုန်ဇုန်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/မြို့မအရှေ့ရပ်၊ မြေဧရိယာ(၀.၁၀၈)ဧကရှိ မြေကွက်အမှတ်(ပ-၂၁၁၄၇)ကို အမည်ပေါက် ဦးညွန့်ဟံ (ဘ)ဦးမြရိုန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/ညဥန(နိုင်)၁၁၆၈၄၀]မှ ဦးဝဏ္ဏာအောင် (ဘ) ဦးမြင့်အောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/မလမ(နိုင်)၀၀၆၅၀၄]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၁၀)လမ်း၊ အမှတ်(၂၉)ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(၂-လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၄x၅၅)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှသိန်း[၁၂/သကတ(နိုင်)၀၈၆၄၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမွန်ဖြူစင် [၁၂/သလန(နိုင်)၁၁၇၁၆၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## ဒေါ်ခင်ခင်

ကုန်သွယ်/လယ်ယာ(အငြိမ်းစား)

## အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅၀၈)၊ (၁၂)ရပ်ကွက်၊ စောမဟာလမ်းနေ (ဦးလှညွန့်-ဒေါ်ခင်ကြူ)တို့၏ သမီး၊ (ဦးစိန်ထွေး-ဒေါ်အေး)တို့၏ ချွေးမ၊ [ဦးသန်းညွန့် (ကုန်သွယ်/လယ်ယာ-ငြိမ်း)]၏ ဇနီး၊ ဦးထွန်းမင်းဦး၊ ဦးမင်းညွန့်၊ ဦးမောင်မောင်ဝင်း-ဒေါ်သူဇာညွန့်၊ ဦးမျိုးသန့်၊ ဒေါ်လှလှခိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကျော်ပိုင်ထွဋ်၊ မောင်လင်းထက်ပိုင်တို့၏ အဘွားသည် ၂၅-၁-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၉:၁၅နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကေသီ(ခ)ဒေါ်ခင်မြတ်ဇော်

## အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၅၇၄)(ခ)နေ (ဦးမောင်မောင်ကြီး-ဒေါ်မြင့်ကြည်)တို့၏ သမီးကြီး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခဌာနမှူး ဒေါက်တာ ဦးဝင်းလွင် (ငြိမ်း) ၏ဇနီး၊ ကိုခန့်ညားလွင်-မဟန်သူသူစိုးတို့၏ မွေးသမိခင်သည် ၂၈-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၇ နာရီတွင် ဆာကူရာအထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၀-၁-၂၀၂၆ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၂၆ရက်(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရီ

## အသက်(၆၀)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်နေ (ဦးစိန်ရီ-ဒေါ်မမကြီး)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ယိုးဒယားလမ်း၊ အမှတ်(၃)နေ (ဦးမောင်ဝင်း-ဒေါ်သဒ္ဒါအောင်)တို့၏ ညီမ၊ မခိုင်ခိုင်ဝင်း၊ မပွင့်ပွင့်စန်းတို့၏ အဒေါ်ဖြစ်သူသည် ၂၇-၁-၂၀၂၆ ရက်၊ ညနေ ၄:၃၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၁-၂၀၂၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသောကြောင့် လိုက်ပါပို့ဆောင်ပေးနိုင်ပါရန် ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## စောအယ်ဒိုစိုးလင်း

CDC-33855(1st Engineer)

GSM Shipping Co.Ltd

## အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်းနေ (ဦးအိုင်ဇေယျာလင်း-ဒေါ်မဲလ်ရိုစ့်လွင်)တို့၏ သားကြီး၊ ဦးဆန်နီချမ်း-(ဒေါ်စီစီ)တို့၏သားသမက်၊ နော်ထွေးထွေးလှ ၏ချစ်လှစွာသော ခင်ပွန်း၊ နော်ဒိုငေးငေးလင်း၊ စောတောငေးဒိုစိုးလင်း၊ နော်ဝါးငေးငေးလင်း၊ နော်အယ်ငေးငေးလင်းတို့၏ ချစ်လှစွာသော မွေးသဖခင်၊ စောမင်းညို-နော်နီးနီလင်း၊ စောအယ်ဖိုး-နော်ဒီးဒီလင်း၊ စောမောင်မောင်ဖြိုးလင်း-နော်ဖြူဖြူထက်ကြူတို့၏ အလွန်ချစ်ရပါသော အစ်ကိုကြီး စောအယ်ဒိုစိုးလင်း သည် ၂၇-၁-၂၀၂၆ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ခရစ်တော်၌ဘုန်းတော်ဝင်စား သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို တောင်သူကုန်းကရင်နှစ်ခြင်းအသင်းတော်၌ ၂၉-၁-၂၀၂၆(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၆)၊ ဦးပိုင်အမှတ်(၂-စ)၊ ၁၈x၁၉လမ်းကြား၊ ၈၀x၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ကျောက်ချီဖုန်း [၁၃/တကန(နိုင်)၀၆၈၃၈၈]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၈)၊ ဦးပိုင်အမှတ်(၆ ခဲစင်းတောင်ခြမ်း+မြောက်ခြမ်း)၊ ၆၆လမ်း၊ ၁၄၂x၁၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောငြိမ်း [၉/မရမ(နိုင်)၀၀၁၄၀၂]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၃၈၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန်းသန်း [၅/စကန(နိုင်)၀၈၆၈၅၄]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၁၂-၂၀၂၅၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ -၂၂ အကွက် လ-၄/ခ၊ ဦးပိုင် ၂၁ ခဲစင်းတောင်ခြမ်း၊ မြောက်ခြမ်းကြော်ငြာတွင် ဦးပိုင် ၂၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၂)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၁၂၅)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်လျက်တည်ရှိသူ ဒေါ်သင်းသင်းချို (အဖ) ဦးချန်မိန်း[၁၂/ဒဂန(နိုင်)၀၂၂၅၄၄] ကိုင်ဆောင်သူထံမှ (၂၇-၁-၂၀၂၆)ရက် နေ့စွဲပါ စရန်ငွေပေးကတိပြု စာချုပ်အရ တရားဝင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ မည်သူမဆို ယခုကြော်ငြာ စာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု တရားဝင် အထောက်အထားစာရွက် စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့် ကာလကျော်လွန်သည့်တိုင်အောင် ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်ကိစ္စအား တရားဝင်စာချုပ် ချုပ်ဆိုနိုင်သည်အထိ ဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးဟန် B.A (Law), LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၄၆/၈၈)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၅/စီ)၊ ဒုတိယထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၃၂၉၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်းနှင့် လေးထောင့်ကန်(၆)လမ်းထောင့်၊ မြေကွက်အမှတ်(၂၃၆)၊ အိမ်အမှတ်(၅၅)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃)လွှာ(ခေါင်းရင်းခြမ်း) တိုက်မျက်နှာမူလျှင် ညာဘက်ခြမ်းရှိအခန်း (ကန်ထရိုက်ဘက်အခြမ်း)၊ အကျယ်အဝန်း(၁၂ ၁/၂ ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုစုနိုင် [၁၂/သဃက(နိုင်)၁၆၄၀၅၈] ကိုင်ဆောင်သူထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်ခင်ဌေးသန့် [၁၂/ရကန(နိုင်)၀၀၁၀၁၁]နှင့် မဌွေရည်ဝင်း [၁၂/သဃက(နိုင်)၁၅၈၇၄၀]တို့မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်း အဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာစိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၃၆)**
**အမှတ်(၁၀)၊ မြို့ပြရပ်ကွက်သစ်၊ သန်လျင်မြို့နယ်။ ဖုန်း-၀၉-၂၅၀၀၂၀၇၂၁**

❖ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိ...

❖ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများ စစ်ရေယာဉ်(မုတ္တမ)ဖြင့် မြိတ်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

## ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်ခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်(မုတ္တမ)ဖြင့် မြိတ်မြို့မှ ရန်ကုန်မြို့သို့ ပို့ဆောင်

နေပြည်တော် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ ဆောင်ရွက်နိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကာလအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်းဖွင့်လှစ်၍ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်စေမည့် လုပ်ငန်းစဉ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ MSME လုပ်ငန်းများ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ လက်လီ/လက်ကားရောင်းချသူများ၏ အချင်းချင်းချိတ်ဆက်မှု လုပ်ငန်းစဉ်များ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အကောက်ခွန်ဦးစီးဌာနနှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအကြားလုပ်ငန်းစဉ်များ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံတကာတွင်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးသံမှူးများဖြင့် အွန်လိုင်းမှဆွေးနွေးနိုင်မည့် ဝန်ဆောင်မှုများ၊ မူပိုင်ခွင့်ဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ကုန်စည်ပြပွဲနှင့် သက်ဆိုင်သောကိစ္စရပ်များကို ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်၍ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်ဖြစ်လိုသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလအတွင်း လုပ်ငန်း/စီးပွားချိတ်ဆက်မှု ပြခန်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် လာရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်း ဆောင်ရွက်နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ

### တနင်္သာရီတိုင်းဒေသကြီး၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေး

စာမျက်နှာ » ၅

### ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှု အခြေအနေ

စာမျက်နှာ » ၉

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပြီးဆုံးရန် တစ်ပွဲအလိုတွင် ရောဝတီအသင်း သုံးမှတ်ဖြတ် ဦးဆောင်

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၂၅-၂၀၂၆ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇) ကို ဇန်နဝါရီ ၂၆ ရက်၊ ၂၇ ရက်က ကျင်းပရာ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ရောဝတီအသင်းက လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းကို သုံးမှတ်ဖြတ်ပြီး ဦးဆောင်လျက်ရှိသည်။

ပွဲစဉ်(၁၇)တွင် ရောဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ သစ္စာအားမာန်အသင်းက Young Lionesses အသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❂



ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။